# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၄၆)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် နိုဝင်ဘာ ၁၄

**ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမဏ္ဍာရုံ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရအမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးကျော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့်ခရိုင်များမှ သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**စာမျက်နှာ ၇ ကော်လံ ၃ ●**

# အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ဦးတည်ချက်များနှင့်အညီ (၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးသားပညာရည်မြင့်မားရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဟူသည့် ဦးတည်ချက်များနှင့်အညီ (၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့၊ လယ်ဝေးမြို့နှင့် တပ်ကုန်းမြို့တို့၌ ကျင်းပသည်။

(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နံနက် ၈နာရီတွင် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ (၈၆)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက်ရောက်သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ ❐**

**(၈၆)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း (၈၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)





(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နေပြည်တော် အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'ပြည်မြန်မာ'သီချင်း သီဆို၍ ဖွင့်လှစ်စဉ်။

(သတင်းစဉ်)

## မိုးလေဝသအခြေအနေ (၁၅-၁၁-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မွန်းလွဲ ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

# ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး အမျိုးသားရေးသတိနှင့်ယှဉ်၍ ကာကွယ်စောင့်ရှောက်

၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သဝဏ်လွှာ ပေးပို့ခဲ့သည်။

အမျိုးသားနေ့သည် သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရသည့် မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံး အတွက် အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ပြန်လည်ထကြွ နိုးကြားလာစေသော နေ့ထူးနေ့မြတ်ဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတည်းဟူသော အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံလျက် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်စိန်ခေါ်ခဲ့သည့် အမျိုးသားပညာရေးလှုပ်ရှားမှုသည် မြန်မာတစ်မျိုးသားလုံးအား သိမ်းကျုံး စုစည်းနိုင်သည်အထိ ထက်မြက်အားကောင်းခဲ့သည်။

ပြည်သူများ၏ နိုင်ငံရေးအသိအမြင်များ နိုးကြားမြင့်မားလာစေခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုကိုပါ ဆက်လက်အရှိန် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် ဆုံးရှုံးသွားခဲ့သော လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာလူမျိုးတို့သည် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို ရွပ်ရွပ်ချွံချွံ တွန်းလှန်မောင်းထုတ်နိုင်ခဲ့ခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့သည်။

အမျိုးသားနေ့ကို အခြေခံ၍ ပေါက်ဖွားဖြစ်ပေါ်ခဲ့ရသော အမျိုးသားစိတ်ဓာတ်ကောင်း၊ စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကောင်း၊ ထက်သန်မြင့်မြတ်သော အမျိုးသားနိုင်ငံရေး အသိအမြင်ကောင်းတို့ကို ရေရှည်တည်တံ့ ခိုင်မြဲနေစေရန် အမြဲပြုစုပျိုးထောင်နေကြရမည်။ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်းအားထုတ် ထူထောင်သွားကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့က နိုင်ငံငယ်များအပေါ် အကြောင်းအမျိုးမျိုးပြပြီး ဩဇာလွှမ်းမိုးနိုင်အောင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို အသုံးချ၍ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့အရေးယူမှုများဖြင့် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းလျက်ရှိကြသည်။

သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုး၏ ကံကြမ္မာကို ကိုယ်တိုင်လွတ်လပ်စွာ ဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်ရှိရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝ ပြည့်စုံလုံခြုံရေး၊ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အမျိုးသားရေးသတိနှင့်ယှဉ်၍ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုင်းရင်းသားပြည်သူအားလုံးက ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သန်လျင်မြို့ သာသနာ့ဗိမာန်တည်ဆောက်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှရွှေဝင်းသည် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်သို့သွားရောက်၍ သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ လက်ခံယူသည်။** (အောက်ပုံ)



### တက်ရောက်

ရှေးဦးစွာတိုင်းမှူးသည် မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ သန်လျင်မြို့နယ် မင်းကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက်တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးက သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို သန်လျင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်ထံ ပေးအပ်လှူဒါန်းသည်။

### လှူဒါန်းမှုအစုစု

ထို့နောက် သာသနာ့ဗိမာန်တော်တည်ဆောက်ရေးအတွက် ဆရာတော်သံဃာတော်များက ငွေကျပ်သိန်း ၅၀၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၉၃၀၀၀၀၊ ဦးအောင်သန်းဦး၊ ဒေါ်အေးမြင့်(ပင်လယ်ကိုးသွယ်ရောင်းဝယ်ရေး)က ငွေကျပ် ၁၅၄၆၀၀၀၀၊ ဦးစိန်လွင် ဒေါ်ဖြူဖြူခိုင် မိသားစုက ငွေကျပ် ၂၉၈၃၀၀၀၊ ဦးရွှေဝင်း-ဒေါ်ဝင်းဝင်းကြိုင်(နီလာမင်းရွှေဆိုင်)က ငွေကျပ် ၂၀၅၀၀၀၀၊ အမှတ်(၁)ရေနံချက် စက်ရုံ ဝန်ထမ်းများက ငွေကျပ် ၁၃၄၀၀၀၀၊ ဦးမောင်မောင်တိုး မိသားစု (ရာဇသောက်ရေသန့်နှင့်ကိုတိုး အုတ်သဲကျောက် ရောင်းဝယ်ရေး)က ငွေကျပ် ၁၃ သိန်း၊ သန်လျင်မြို့နယ် ပညာရေးမိသားစုက ငွေကျပ် ၁၁၃၀၀၀၀၊ ဦးမြင့်ဦး-ဒေါ်စန်းလွင် မိသားစုက ငွေကျပ် ၁၁ သိန်းအပါအဝင် အလှူရှင်၂၀၆ဦးတို့ကစုစုပေါင်းအလှူငွေကျပ်၁၀၅၉၄၉၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး လှူဒါန်းမှု အစုစုအတွက်ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စင်ကာပူတွင် အကောက်ခွန်နှုန်းများ တိုးမြှင့်မည်

**စင်ကာပူ နိုဝင်ဘာ ၁၄**

စင်ကာပူနိုင်ငံသည် ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အကောက်ခွန်နှုန်း ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ယူသွားမည်ဖြစ်ကြောင်း နယူးအာရှသတင်းဌာနက နိုဝင်ဘာ ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

စင်ကာပူနိုင်ငံအတွက်လိုအပ်သော ကဏ္ဍများတွင် အသုံးပြုရန်အတွက် ဝင်ငွေအပိုရှာဖွေခြင်းအဖြစ် ယခုကဲ့သို့ အခွန်နှုန်းများ တိုးမြှင့်ကောက်ယူခြင်းဖြစ်သည်ဟု စင်ကာပူဝန်ကြီးချုပ်လီရှန်လောင်းက ပါလီမန်အစည်းအဝေး၌ ပြောကြားသည်။

အခွန်တိုးမြှင့်ကောက်ယူမှုမှရရှိသော ငွေများကို နေအိမ်များ၊ အလုပ်သမားများအတွက် ဆုကြေးများ စသည့် လိုအပ်သောနေရာများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ဆုကြေးငွေများပေးခြင်းသည် အလုပ်သမားများကို ဆွဲဆောင်ခြင်းတစ်ရပ်ဖြစ်ကြောင်း နယူးအာရှသတင်း၌ ဖော်ပြထားသည်။

အဆိုပါ အကောက်ခွန်များ တိုးမြှင့်ကောက်ယူခြင်းကို လာမည့်နှစ် ဖေဖော်ဝါရီဘတ်ဂျက်တွင် စင်ကာပူအစိုးရက တရားဝင် သတင်းထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဂျပန်မော်တော်ကားများ ပြည်ပသို့ တိုးမြှင့်တင်ပို့

**တိုကျို နိုဝင်ဘာ ၁၄**

ဂျပန်နိုင်ငံသည်ပြည်ပသို့မော်တော်ကားများ တင်ပို့မှုတဖြည်းဖြည်းတိုးမြှင့်လာလျက်ရှိရာ ပြီးခဲ့သည့် စက်တင်ဘာလက ပြည်ပသို့ မော်တော်ယာဉ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂ ဘီလီယံ ရရှိခဲ့သည်။

ထိုသို့ရရှိခဲ့မှုသည် ဂျပန်နိုင်ငံ၏ ပြည်ပသို့ မော်တော်ကားတင်ပို့မှုမှ ဝင်ငွေတိုးတက်မှုမှာ နှစ်ချင်းအလိုက် ၉ ဒသမ ၄ရာခိုင်နှုန်း ရှိခဲ့ကြောင်း ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

### တင်ပို့

ဂျပန်နိုင်ငံသည် ၂၀၀၅ခုနှစ် စက်တင်ဘာလက မော်တော်ကား ပြည်ပ တင်ပို့မှုမှ ဂျပန်ယန်းငွေ ၁ ဒသမ ၁၁ ထရီလီယံရှိခဲ့ပြီး ယခုနှစ် စက်တင်ဘာလ၌ ဂျပန်ယန်းငွေ ၆ ဒသမ ၄၉ ထရီလီယံရရှိခဲ့သဖြင့် တိုးတက်မှု ရာခိုင်နှုန်းမှာ ၁၄ ဒသမ ၈ရာခိုင်နှုန်းရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြထားသည်။

**(အင်တာနက်)**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ

# သန်လျင်အထက(၂) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

သန်လျင်မြို့ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း (ယခင်မက်သဒစ်အထက်တန်းကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရတနာခန်းမ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဦးကျော်သူ ဖုန်း-၀၁-၃၉၂၆၁၇၊ ဦးအောင်ထင် ဖုန်း-၀၅၆-၂၁၂၉၆၊ ဦးရွှေဝင်း (နီလာမင်းရွှေဆိုင် မြို့မဈေး၊သန်လျင်) ဖုန်း-၀၅၆-၂၁၂၀၁၊ ၀၉-၅၀-၁၅၀၂၁၊ ဦးခင်မောင်ပြုံး (ပြုံးပြုံးလေးစတိုး မြို့မဈေး၊ သန်လျင်) တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြဝတီရုပ်မြင်သံကြား

**၁၅-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၃၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လွှမ်းမပြေ”** (အပိုင်း-၁၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း-၈)

# နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို အဖွဲ့ သုံးဖွဲ့ ဖွဲ့ လျက် သာသနာရေးကိစ္စအဝဝ ဆောင်ရွက်လျက်ရှိ ပညာရေးအဖွဲ့ ငယ်တွင် ဘာသာရေး စာစောင်၊ စာအုပ်များ သေချာစွာစိစစ်တော်မူကြပါရန် လျှောက်ထား သာသနာတော်အရေးသုံးပါး သတိတရား လက်ကိုင်ထားပြီး အမှားအယွင်းကင်းအောင် ဆောင်ရွက်ရန် တိုက်တွန်း

**ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေး၌မိန့်ကြားတော်မူအပ်သော သဘာပတိဉက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် ဘဒ္ဒန္တ ကုမာရမဟာထေရ်၏အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ–**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဥ္စမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ(အဋ္ဌာရသမ)အစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

ကိုယ်၏ပင်ပန်းနွမ်းနယ်မှုကို ပဓာနမထားဘဲ သာသနာတော်အရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသော ဆရာတော်အရှင်မြတ်တို့ကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ တွေ့မြင်ရပါသဖြင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်မှု ပီတိသောမနဿများ ဖြစ်ပွားရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား။** ။ ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အဆင့်အမြင့်ဆုံးအဖွဲ့အစည်းကြီးဖြစ်၍ သာသနာရေးကိစ္စတို့အတွက် ရဟန်း၊ ရှင်၊ လူပြည်သူအများတို့ အားကိုးအားထားပြုရသော အဖွဲ့အစည်းကြီး ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ဆရာတော်အရှင်မြတ်တို့သည်–

၁။ **ခမာ** – အရာရာ၌ သည်းခံခြင်းဂုဏ်၊
၂။ **ဇာဂရိယ** – နိုးကြားခြင်းဂုဏ်၊
၃။ **ဥဋ္ဌာန** – ထကြွလုံ့လ ဝီရိယရှိခြင်းဂုဏ်၊
၄။ **သံဝိဘာဂ** – ခွဲခြမ်းဝေဖန်ခြင်းဂုဏ်၊
၅။ **ဒယာ** – သနားငဲ့ညှာ ကရုဏာရှိခြင်းဂုဏ်၊
၆။ **ဣက္ခဏာ** – စေ့စေ့ငငကြည့်ရှုဆင်ခြင်ခြင်းဂုဏ်ဟူသော နာယကဂုဏ်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူကြသည့် အရှင်မြတ်များချည်းသာဖြစ်ကြရမည်ကို ဆရာတော်အရှင်မြတ်တို့ ကိုယ်တော်တိုင် သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ဤနာယကဂုဏ်ခြောက်ပါးတို့တွင်လည်း နောက်ဆုံးဖြစ်သော စေ့စေ့ငငကြည့်ရှုခြင်းဟူသော "ဣက္ခဏာ"ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ်အသွယ်သွယ် အဝဝဟူသမျှတို့၌ ရှေ့ဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူး အထူးအားဖြင့် အလိုရှိအပ်၊ အလိုရှိသင့်၊ ပြည့်စုံစေအပ်၊ ပြည့်စုံစေသင့်ပါသည်ဘုရား။

အဘယ်ကြောင့်ဆိုသော် အကြီးအမှူးဦးစီးပဓာနဖြစ်ကြသော ပုဂ္ဂိုလ်တို့သည် မိမိတို့ အကြီးအမှူးပြုရာနယ်ပယ်အတွင်း၌ အကြောင်းအရာဝတ္ထုအစုစုတို့ကို တစ်ခုမကျန် ဝေဖန်ပိုင်းခြား ပြတ်သားစွာသိမြင်အောင် ကြည့်ရှုပြီးမှသာ ပဂ္ဂဟ၊ နိဂ္ဂဟ ကိစ္စကြီးငယ်အသွယ်သွယ်ကို ပြုလုပ်ဆောင်ရွက်ပါက ချို့ယွင်းချက်မရှိ တိကျမှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သဖြင့် ပရူပဝါဒကင်းဝေး၍ လိုအပ်သောအကျိုး ပြည့်ဖြိုးအောင်မြင်နိုင်သောကြောင့် ဖြစ်ပါသည်ဘုရား။

အိမ်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် အိမ်နှင့် စပ်သမျှကိုလည်းကောင်း၊ ကျေးရွာ၌ အကြီးအမှူး ဦးစီးပဓာနဖြစ်သူသည် ကျေးရွာနှင့် စပ်သမျှကိုလည်းကောင်း၊ မြို့နယ်၌ အကြီးအမှူး ဦးစီးပဓာနဖြစ်သူသည် မြို့နယ်နှင့် စပ်သမျှကိုလည်းကောင်း၊ ခရိုင်၌ အကြီးအမှူးဦးစီးပဓာနဖြစ်သူသည် ခရိုင်နှင့်စပ်သမျှကိုလည်းကောင်း၊ တိုင်း၌ အကြီးအမှူး ဦးစီးပဓာန ဖြစ်သူသည် တိုင်းနှင့်စပ်သမျှကိုလည်းကောင်း၊ ပြည်နယ်၌ အကြီးအမှူးဦးစီးပဓာန ဖြစ်သူသည် ပြည်နယ်နှင့် စပ်သမျှကိုလည်းကောင်း၊ နိုင်ငံတော်၌ အကြီးအမှူး ဦးစီးပဓာန ဖြစ်သူသည် နိုင်ငံတော်နှင့် စပ်သမျှကိုလည်းကောင်း၊ သာသနာတော်၌ အကြီးအမှူး ဦးစီးပဓာန ဖြစ်သူသည် သာသနာတော်နှင့် စပ်သမျှကို လည်းကောင်း ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသား ထင်ရှားသိမြင်အောင် စေ့စပ်သေချာစွာ စုံစုံစမ်းစမ်း ကြည့်ရှုဆင်ခြင်ပြီးမှ ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်းမှုမရှိ တိကျမှန်ကန်သဖြင့် ပရူပဝါဒ ကင်းဝေး၍ လိုအပ်သော အကျိုးများ ပြီးစီးအောင်မြင်နိုင်ပါသည်ဘုရား။

ထိုသို့မဟုတ် တစ်နားကြား တစ်ယောက်ကြား ထင်မြင်ရာသဘောဖြင့် ကသောကမျော ပြုလုပ်ဆောင်ရွက်ပါက ချွတ်ချော်မှားယွင်း မှန်ကန်ခြင်းမရှိသဖြင့် ပရူပဝါဒဖြစ်၍ လိုအပ်သော အကျိုးများ ပြီးစီးအောင်မြင်မှုမရှိဘဲ ဖောက်လွဲပျက်စီး အချည်းနှီး ဖြစ်တတ်ပါသည်ဘုရား။

ထို့ကြောင့် ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသားသိမြင်အောင် ဆင်ခြင်ကြည့်ရှုခြင်းဟူသော"ဣက္ခဏာ" ဂုဏ်အင်္ဂါကို ကိစ္စကြီးငယ် အသွယ်သွယ်အဝဝဟူသမျှတို့၌ ရှေ့ဂုဏ်အင်္ဂါငါးပါးထက် အလွန်အကြူး အထူးအားဖြင့် အလိုရှိအပ်၊ အလိုရှိသင့်၊ ပြည့်စုံစေအပ်၊ ပြည့်စုံစေသင့်သည်ဟု လျှောက်ထားရခြင်းဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ရှေးပညာရှိများက–

**"အမြင်ရှိသူ၊ တောင်ထိပ်လူလျှင်၊ အောက်မှုရှိကြား၊ အစားစားကို၊ ပိုင်းခြားဝေဖန်၊ သိသောဟန်သို့၊ တဆန်မခြား၊ ကြီးမှူးများလည်း၊ ခြောက်ပါးတွင်ပါ၊ ဣက္ခဏာဖြင့်၊ သေချာစေ့င၊ ကသိုဏ်းရှုသို့၊ ပြုတို့ပြီးမှ ၊ နိဂ္ဂဟနှင့် ပဂ္ဂဟစစ္စာ၊ ပြုလုပ်ရာ၏၊သူငါပြောတိုင်း၊ ဆုတ်မဆိုင်းဘဲ၊ မနှိုင်းမယှဉ်၊ ပြုတုံချင်က၊ မမြင်အကျိုး၊ အပြစ်မိုးလိမ့်"**ဟု မိန့်ဆိုတော်မူကြပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား။** ။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ကို အဖွဲ့သုံးဖွဲ့ဖွဲ့လျက် တစ်ဖွဲ့ တစ်ဖွဲ့ အတွင်း၌လည်း သာသနာရေးအဖွဲ့ငယ်၊ ပညာရေးအဖွဲ့ငယ်၊ ဝိနိစ္ဆယရေးအဖွဲ့ငယ်ဟူ၍ အဖွဲ့ငယ်သုံးဖွဲ့စီ ထပ်မံဖွဲ့စည်းကာ သာသနာ့ကိစ္စအဝဝကို ဆောင်ရွက်နေကြပါသည်။ ယင်းအဖွဲ့ငယ်များသည် မိမိတို့ လုပ်ငန်းတာဝန်များကို စေ့စေ့စပ်စပ်လေ့လာ၍ ကွင်းဆက်မပြတ်အောင် အထူးကြောင့်ကြစိုက်ကာ ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဘုရား။

ထိုတွင် ပညာရေးဖွဲ့ငယ် ဆရာတော်များအတွက် အထူးလျှောက်ထားလိုသည်မှာ ပညာရေးအဖွဲ့ငယ်ဆရာတော်များသည် စာပေစိစစ်ရေး၌ အထူးကြောင့်ကြစိုက်စေလိုပါသည်။ ယခုအခါ ဘာသာရေးစာစောင်များ၊ တရားစာအုပ်များ မြောက်မြားစွာ ထွက်ပေါ်နေပါသည်။ ထိုဘာသာရေးစာစောင်များ၊ တရားစာအုပ်များကို ကြည့်ရှုပါက ဓမ္မဝိနယနှင့် မညီညွတ်သောအချက်များကို တွေ့မြင်သိရှိနေရပါသည်။ ထို့ကြောင့် စာပေစိစစ်ရာ၌ ထိုဘာသာရေးစာစောင်၊ စာအုပ်များကို သေသေချာချာ လေ့လာစိစစ်တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

**ဆရာတော် အရှင်မြတ်တို့ဘုရား။** ။ နောက်တစ်ခုလျှောက်ထားလိုသည်မှာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က ဗုဒ္ဓဘာသာဝင် ဉပါသကာ၊ဉပါသိကာမများ၏ သားငယ်၊သမီးငယ်များကို ဗုဒ္ဓသာသနာတော်နှင့် မကင်းကွာစေဘဲ ထိုကလေးငယ်များသန္တာန်၌ မြတ်ဗုဒ္ဓ၏အဆုံးအမတော်များ ငယ်စဉ်ကပင် ကိန်းအောင်းသွားစေရန် အနာဂတ်နိုင်ငံတော်၏ သားကောင်းသမီးကောင်းများဖြစ်လာကြစေရန် ရည်သန်လျက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပေါ်ပေါက်လာအောင် သာသနာရေးဝန်ကြီးထံမှတစ်ဆင့် ပညာရေးဝန်ကြီးထံ မေတ္တာရပ်ခံခဲ့သဖြင့် ယခုအခါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အထိုက်အလျောက် ပေါ်ပေါက်လာခဲ့ပါသည်ဘုရား။

သို့ရာတွင် ယင်းကျောင်းများ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများကို ပဓာနထား၍ မသင်ကြားကြဘဲ အတန်းစာမေးပွဲအောင်မြင်ရေးကိုသာ ပဓာနထား၍ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းမျှလောက်ကိုသာ သင်ကြားနေသည်ဟု ကြားသိနေရပါသည်။ ယင်းသို့ဖြစ်လျှင် တပည့်တော်တို့၏ မူလရည်ရွယ်ချက်နှင့် မကိုက်ညီဘဲ ဖြစ်နေပါသည်ဘုရား၊ သို့ဖြစ်ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်ခန်းစာကို ပဓာနဘာသာရပ်အဖြစ် အလေးဂရုပြု၍ သင်ကြားစေရန် စီမံဆောင်ရွက်တော်မူသင့်ကြပါသည်ဘုရား။



**ပဥ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးတွင် သဘာပတိ နိုင်ငံတော် သံဃမဟာနာယကဉက္ကဋ္ဌ မကွေး ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားစဉ်။** (သတင်းစဉ်)

ယင်းဖွင့်လှစ်ပြီးသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကိုလည်း လျစ်လျူရှုမထားဘဲ ဖွင့်ပြီးကျောင်းများ တိုးတက်လာအောင် မဖွင့်ရသေးသောဒေသများ၌ အသစ်ထပ်မံဖွင့်လှစ်နိုင်အောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်သင်ကြားပေးနေသော ဘုန်းတော်ကြီးများလည်း စိတ်ဓာတ်မကျအောင် တွန်းအားပေးကာ ချီးမြှောက်စောင့်ရှောက်ကြရန်လည်း တိုက်တွန်းပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား။** ။ နိဂုံးချုပ်လျှောက်ထားလိုသည်မှာ ..။..။

**"သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"**ဟူသော မဟာဝဂ္ဂသံယုတ်ပါဠိတော် အင်္ဂုသုတ်ဒေသနာတော်နှင့်၊

"သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမီတိ လောဏ ဓူပနံဝိယ သဗ္ဗကာမိကာ မစ္စံဝိယ စ သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗံ ဝဒါမီတိ အတ္ထော"ဟူသော ယခင် အင်္ဂုသုတ်ဒေသနာတော်၏ အဖွင့်အဋ္ဌကထာ အဆိုအမိန့်နှင့်အညီ အားလုံးသော ဟင်းကောင်းဟင်းလျာဟူသမျှတို့၌ ဆား၊ ကရဝေး၊ ဇီယာ၊ မဆလာစသော အမွှေးအထုံကို အလိုရှိအပ်သကဲ့သို့လည်းကောင်း၊ အလုံးစုံသော မင်းမှုကိစ္စ တိုင်းရေးပြည်ရေးဟူသမျှတို့၌ အမှုကိစ္စခပ်သိမ်းဝယ် ကျွမ်းကျင်သော အမတ်ကို အလိုရှိအပ်သကဲ့သို့လည်းကောင်း ထို့အတူပင် အမှုကိစ္စခပ်သိမ်းတို့၌ သတိကို အလိုရှိအပ်ပါသည်။ ကိစ္စအားလုံးကို သတိဖြင့်ပြီးစေနိုင်ပါသည်။ သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရမင်းတို့ကလည်း သာသနာတော်အတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် အားပေး ချီးမြှောက် ထောက်ပံ့နေသည့်အပြင် ပြည်သူပြည်သား ဒကာ၊ ဒကာမများကလည်း အင်တိုက်အားတိုက် အားပေးချီးမြှောက် ထောက်ပံ့နေသည့် ဤအချိန်ကောင်း အခါကောင်းဝယ် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော သာသနာတော်အရေးသုံးပါးတို့ကို ဆောင်ရွက်တော်မူကြရာ၌ သတိတရားလက်ကိုင်ထား၍ အမှားအယွင်း ကင်းနိုင်သမျှကင်းအောင် အင်တိုက်အားတိုက် ဆောင်ရွက်တော်မူကြပါရန် တိုက်တွန်းလျက် တပည့်တော်၏ ဩဝါဒကထာကို နိဂုံးချုပ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းအဖြစ် အောက်ဖော်ပြပါလုပ်ငန်းကြီး(၅)ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(၁) စေတီတော်ကြီးအား ရွှေစင်ရွှေပြားနှင့် မျက်ပါးရွှေသင်္ကန်းများကပ်လှူခြင်း၊
(၂) မုခ်ဦးနှင့် မဟာရံတံတိုင်းတို့အား ဆေးသုတ်မွမ်းမံခြင်း၊
(၃) ရင်ပြင်တော်လျှောက်လမ်းအား နေပူခံကျောက်ပြားများခင်းခြင်း၊
(၄) သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံဆေးသုတ်ခြင်း၊
(၅) လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊

အဆိုပါလုပ်ငန်းကြီး (၅)ရပ်အတွက် စေတနာရှင်၊ ကုသိုလ်ရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ယူလိုပါက အောက်ပါဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်–

– ဦးခင်မောင်ဌွေး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖုန်း ၀၁–၅၃၅၅၅၃၊ ၅၃၅၈၀၀
– ဗိုလ်မှူးကြီးအောင်မျိုးမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖုန်း ၀၁–၅၃၇၉၄၉၊ ၅၃၅၉၇၃
– ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁–၂၉၀၄၂၅

**ရွှေဘုန်းပွင့်စေတီတော်**
**ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဗဟိုကော်မတီ။**

## ဘားအံမြို့ တန် ၂၀ ကျ ဆန်စက်ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပိုင် မြေဧရိယာ ၅ ဒသမ ၇၉၇ ဧကရှိ ဘားအံမြို့ ဗိုလ်ချုပ်လမ်း၊ အမှတ်(၅)ရပ်ကွက် အောင်နန်းရပ်ရှိ အမှတ် (၀၀၁) တန် (၂၀)ကျ ဆန်စက်ကို ကြမ်းခင်းဈေး ငွေကျပ် ၄၉၆ ဒသမ ၈၆သန်းဖြင့် ဈေးပြိုင်စနစ်အရ အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို နိုဝင်ဘာ ၁၃ ရက်မှစတင်၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံး(စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန)ရုံး အမှတ် (၃၂) နေပြည်တော်၌ ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဒီဇင်ဘာ ၁၃ ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အပြီးအပြတ်ဝယ်ယူရန်အဆိုပြုထားသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံး ဈေးနှုန်းပေးသူနှင့်တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်သည်။ မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထား တင်ပြရမည်ဖြစ်သည်။ မူလပိုင်ရှင် မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများကို ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကိုသိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ် ၃၂၊ နေပြည်တော် ဖုန်း–၄၀၆၀၆၉နှင့် ၄၀၆၃၄၀ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်

● *ကျော်ဖုံးမှ*

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော် ယခုရှင်းလင်းတင်ပြမှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခန်းများအနက် **"အထွေထွေပြဋ္ဌာန်းချက်များအခန်း"**နဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာ နိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကိုလည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလဲ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကိုလဲ လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်များ သိရှိကြပြီးဖြစ်တဲ့အတိုင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံတော် အခြေခံမူများကို ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ နိုင်ငံတော်အခြေခံမူများချမှတ်စဉ်အခါက အထွေထွေပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့မူများအနက်–

**(၁) မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**

**(၂) နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်**

လို့ ပါရှိပါတယ်။

နိုင်ငံတော်အခြေခံမူများဟာ ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆို လမ်းညွှန်များဖြစ်ကြောင်း သတ်မှတ်ချက်နဲ့စပ်လျဉ်းပြီး တင်ပြလိုပါတယ်။ နိုင်ငံတော်အခြေခံမူများကို မြန်မာနိုင်ငံရဲ့ သဘာဝအနေအထား၊ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိပြီး အနာဂတ်ကာလမှာ နိုင်ငံတော် ပိုမိုစည်ပင်အေးချမ်းသာယာရေးနဲ့ နိုင်ငံရေးတည်ငြိမ်မှုရှိရေးတို့အတွက် ဘက်ပေါင်းစုံမှ ရည်မျှော်စဉ်းစားပြီး ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီအတွက် နိုင်ငံတော်အခြေခံမူများကို ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာမှာလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဥပဒေတွေရဲ့ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်းကောင်း လိုက်နာရမယ့် လမ်းညွှန်များအဖြစ် အခြေပြုရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အခြေခံမူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာမှာ လမ်းညွှန်များဖြစ်ကြောင်း မြန်မာနိုင်ငံရဲ့ ၁၉၇၄ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ထည့်သွင်းပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

**"နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**

လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ခြင်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်ထားခြင်းနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာသာမက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါ မြန်မာစာကို ရုံးသုံးစာအဖြစ် ပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ လက်တွေ့မှာလည်း မြန်မာစာကို နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြားမှာ သုံးစွဲလျက်ရှိကြပါတယ်။ နောင်တွင်လဲ ပြည်သူများနဲ့ အစိုးရအဖွဲ့အစည်းများ ဆက်သွယ်ရာမှာလည်းကောင်း၊ အစိုးရအဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ရာမှာလည်းကောင်း တညီတညွတ်တည်းဖြစ်စေရန်နဲ့ အယူအဆမကွဲပြားစေဘဲ ရှင်းလင်းလွယ်ကူစေရန် မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်သင့်တဲ့အတွက် "မြန်မာစာသည် ရုံးသုံးစာဖြစ်တယ်" လို့ အခြေခံရမယ့်မူချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

အထက်ဖော်ပြပါ အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံမူနှစ်ရပ်ဖြစ်တဲ့–

**"၁။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**

**၂။ နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**

တို့ကို အခုဆွေးနွေးတင်ပြမယ့် အထွေထွေပြဋ္ဌာန်းချက်များဆိုင်ရာ အခန်းမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ပြောင်းရွှေ့ဖော်ပြရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းတဲ့အခါမှာ မြန်မာစာဖြင့် ပြုစုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းကြမှာ ဖြစ်ပါတယ်။ အဲဒီလိုအတည်ပြုပြဋ္ဌာန်းပြီးနောက် မြန်မာစာမူအပြင် အင်္ဂလိပ်ဘာသာနဲ့ဖြစ်စေ၊ လိုအပ်လျှင် အခြားဘာသာများနဲ့ဖြစ်စေ ဘာသာပြန်ဆိုတဲ့ စာမူများလည်း ရှိနိုင်ပါတယ်။ အဲဒီလို အခြားဘာသာပြန် စာမူများ မည်သို့ပင် ရှိစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မြန်မာစာဖြင့် ရေးသားထားတဲ့စာမူကိုသာ အတည်ပြုပြဋ္ဌာန်းမှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့အတွက် စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့အကြောင်း ပေါ်ပေါက်လာရင်လည်း မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အလားတူပြဋ္ဌာန်းချက်များ ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံး တစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ပါရှိတဲ့ စကားရပ်တစ်ခုဟာ မည်သည့်အနက်အဓိပ္ပာယ်ကိုဆောင်ကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ အခြေအနေမျိုး ပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပြီးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်တစ်ခုရဲ့ အနက်အဓိပ္ပာယ်ဟာ မည်သည့်အဓိပ္ပာယ်ကို ဆိုလိုကြောင်း သီးခြားဖွင့်ဆိုထားခြင်း မရှိခဲ့ရင် အဲဒီစကားရပ်ရဲ့ အနက်အဓိပ္ပာယ်ကို ကောက်ယူရာမှာ ကိုးကားဖို့ ဥပဒေတစ်ရပ် လိုအပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂၂၊ ပုဒ်မခွဲ(၃)တွင်–

**"ဆန့်ကျင်သော ရည်ရွယ်ချက်မပေါ်ပေါက်လျှင် မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေရှိ ပြဋ္ဌာန်းချက်များသည် ဤအခြေခံဥပဒေကို အဓိပ္ပာယ်ကောက်ယူခြင်း၊ ဤအခြေခံဥပဒေအာဏာ သက်ရောက်ခြင်းတို့နှင့် သက်ဆိုင်ရမည်"**

လို့ ပြဋ္ဌာန်းပါရှိပါတယ်။ အလားတူ ပြဋ္ဌာန်းချက်မျိုးကို ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀၊ ပုဒ်မခွဲ(က)မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီက ပြဋ္ဌာန်းထားခဲ့သော စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်။"**

အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ ရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ လိုအပ်လာရင်လဲ တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားသင့်တယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနဲ့စပ်လျဉ်းပြီး–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်။"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဲဒီနိုင်ငံရဲ့ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါတယ်။ နိုင်ငံတိုင်းဟာ မိမိတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရဲ့ ရေမြေသဘာဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်း၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိအောင် အခြေခံပြီး ရေးဆွဲကြတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မော်ကွန်းအဖြစ်သတ်မှတ်ရမယ့် သမိုင်းအထောက်အထားဖြစ်ပါတယ်။ အဲဒီလို သမိုင်းတန်ဖိုးကြီးမားလှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ စာမူကို နှစ်ကာလသက်တမ်းကြာမြင့်စွာ မပျက်မစီးအောင် ထိန်းသိမ်းထားနိုင်ဖို့ လိုအပ်လှပါတယ်။ အခုအခါ မိမိတို့နိုင်ငံတွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အဲဒီဥပဒေအရ အမျိုးသားမှတ်တမ်းများနဲ့ မော်ကွန်းများကို တစုတစည်းတည်း လုံခြုံစွာ မပျက်မစီးထိန်းသိမ်းထားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိတဲ့နည်းတူ နောင်တွင်လဲ ပြည်သူ့ဆန္ဒနဲ့ အတည်ပြုပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူတစ်ခုကိုလဲ အမျိုးသားမော်ကွန်းတိုက်မှာ မော်ကွန်းတင်ထားရှိသင့်ပါတယ်။ အဲဒီစာမူဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေ အရာတည်မှာ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့စာမူကို တရားလွှတ်တော်ချုပ်ရဲ့ အတွင်းဝန်ရုံးမှာ မော်ကွန်းတင်ထားရှိဖို့နဲ့ အဲဒီလို မော်ကွန်းတင်ထားရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိသည့် ပြဋ္ဌာန်းချက်များအတွက် အပြီးသတ်သက်သေအရာမှာ တည်စေရမယ်လို့ ဖော်ပြပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့် –

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့်မူတွေကို ချမှတ်စဉ်က စီးပွားရေးနဲ့စပ်လျဉ်းပြီး–

**"နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်"**

လို့ အခြေခံရမယ့်မူ ချမှတ်ခဲ့ပါတယ်။ အဲဒီလို အခြေခံရမယ့်မူ ချမှတ်ခဲ့တဲ့ အဓိကရည်ရွယ်ချက်က အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခွင့်ပြုကြောင်း နိုင်ငံတော်က အာမခံခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတော်ရဲ့ အခြေအနေအရ နိုင်ငံတော်ကသာ လုပ်ကိုင်ဆောင်ရွက်ဖို့လိုအပ်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိနေမှာဖြစ်ပါတယ်။ ယခုအခါ "နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ"အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရမယ့် စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။ ဒါပေမယ့် အဲဒီဥပဒေအရ နိုင်ငံတော်အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေအနက် လုပ်ငန်းတစ်ခုခုကို နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ဖြစ်စေ ခွင့်ပြုနိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။

**ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များ အပေါ်တွင်သာ အခြေပြုရမည်။**

အခုဆိုရင် နိုင်ငံတော်အစိုးရနဲ့ အကျိုးတူဖက်စပ်ဖြစ်စေ၊ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စည်းကမ်းများနဲ့အညီဖြစ်စေ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စီးပွားရေးလုပ်ငန်းအများအပြားရှိနေပြီ ဖြစ်ပါတယ်။ နောင်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ရမယ့် စီးပွားရေးလုပ်ငန်းကိစ္စများ ရှိမှာဖြစ်သလို တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ခွဲဝေဆောင်ရွက်စေသင့်တဲ့ စီးပွားရေးလုပ်ငန်းများလည်း ရှိလာမှာဖြစ်ပါတယ်။ ပြည်ထောင်စုကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်အကျိုးစီးပွားအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်သင့်တဲ့ အခြေအနေများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါ့အပြင် သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို အခြေအနေပေးရင်ပေးသလို လုပ်ကိုင်ဆောင်ရွက်ခွင့်ပေးအပ်ဖို့ အခြေအနေမျိုးများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ အဲဒီလိုအခြေအနေမျိုး ပေါ်ပေါက်လာခဲ့ရင် နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ သမဝါယမအဖွဲ့အစည်း သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးတို့ကဖြစ်စေ အစိုးရနဲ့ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးသင့်တယ်လို့ သုံးသပ်ရရှိပါတယ်။

ဒါကြောင့်–

**"ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–**

**(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်"**

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်

စာမျက်နှာ ၄ မှ

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူချက်များ ရှိပါတယ်။ ထို့အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာလည်း အာဆီယံနိုင်ငံများအပါအဝင် အခြားနိုင်ငံ အစိုးရများနဲ့ စာချုပ်များ၊ သဘောတူညီချက်များ ချုပ်ဆိုဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို နိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များမှ ပေါ်ထွက်လာတဲ့ တရားမျှတသည့် တာဝန်များကို အခြားနိုင်ငံက ပြည်ထောင်စုမြန်မာနိုင်ငံနှင့်စပ်လျဉ်းပြီး ထားရှိအပ်တဲ့ ပဋိညာဉ်များကို လေးစားပါက နောင်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့လည်း လေးစားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ အခြားနိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ အလားတူပြဋ္ဌာန်းချက်များ ပါရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့်–

**“ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ မတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့် တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကလည်း လေးစားသည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ ချုပ်ဆိုထားခဲ့တဲ့ ပဋိညာဉ်များနဲ့စပ်လျဉ်းလို့ဖြစ်စေ၊ တာဝန်များနဲ့စပ်လျဉ်းလို့ဖြစ်စေ နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအပေါ် တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးအရ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ခဲ့ရင် အဲဒီအခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်အရ ဖွဲ့စည်းတဲ့ ပြည်ထောင်စုအစိုးရအား တရားစွဲဆိုခွင့်ပေးသင့်ပါတယ်။ အလားတူပဲ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ရရှိခဲ့ရင်လည်း အဲဒီအခွင့်အရေးအရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သက်ဆိုင်ရာအပေါ် တရားစွဲဆိုခွင့် ရရှိစေသင့်ပါတယ်။ အဲဒီလိုအခွင့်အရေးများကို ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း ပြဋ္ဌာန်းထားရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ထိုနည်းတူစွာပင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့ အမည်နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးရရှိစေသင့်ပြီး တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမှာဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလည်း အလားတူ ပြဋ္ဌာန်းချက်များပါရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့်–

**“၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့်စပ်လျဉ်း၍ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စုအစိုးရအား တရားစွဲဆိုနိုင်သည်။**

**၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။ အမျိုးသားညီလာခံက ချမှတ်ထားခဲ့ပြီးဖြစ်တဲ့ အခြေခံရမယ့်မူများမှာ အထွေထွေပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်းတဲ့မူများ ပါရှိပါတယ်။ အဲဒီအခြေခံရမယ့်မူများထဲမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံး ဖွဲ့စည်းဖို့နဲ့ ခုံရုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များလည်း ပါရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ မည်မျှသတ်မှတ်သင့်တယ်။ အဖွဲ့ဝင်ကို စနစ်တကျ မည်သို့ရွေးချယ်တာဝန်ပေးသင့်တယ်။ အဖွဲ့ဝင်များမှာရှိသင့်တဲ့ အရည်အချင်းများ သတ်မှတ်ထားရှိရေး၊ အဖွဲ့ဝင်များ သက်တမ်းသတ်မှတ်ထားရှိရေး စသည်တို့ကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ လုပ်ငန်းတာဝန်များသည် အထူးပင်အရေးကြီးပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုအပ်လျှင် အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ကိစ္စ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာရင် အဲဒီအငြင်းပွားမှုများကို အဆုံးအဖြတ်ပေးဖို့ကိစ္စများ ပါဝင်တဲ့အတွက် ခုံအဖွဲ့ဝင်အဖြစ် တာဝန်ပေးရာမှာ အသက်အရွယ်အားဖြင့် ငယ်လွန်းသူ မဖြစ်သင့်တဲ့အတွက် အသက် ၅၀ ပြည့်ပြီးသူဖြစ်သင့်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားသူကြီးများအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူဖြစ်သင့်ပါတယ်၊ ဒါ့အပြင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးရေးရာကိစ္စများမှာ အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်များလည်း ပါဝင်သင့်ပါတယ်။ နိုင်ငံတော်အတွက် မြင့်မားလှတဲ့ တာဝန်ထမ်းဆောင်ဖို့ တာဝန်ပေးခံရမှာဖြစ်တဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်မှာလည်း သစ္စာရှိသူဖြစ်သင့်ပါတယ်။ လုပ်ငန်းတာဝန် မြားမြောင်လှမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းတဲ့အခါ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းသင့်ကြောင်း သဘောရရှိပါတယ်။ အဲဒီ အဖွဲ့ဝင်ကိုးဦးကို ကနဦးရွေးချယ်ရာမှာလည်း ပုဂ္ဂိုလ်တစ်ဦးထဲက ရွေးချယ်ရန် မသင့်တော်တဲ့အတွက် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများက အဖွဲ့ဝင်သုံးဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ရွေးချယ်သင့်ပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီမှု ရယူသင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့လည်း နိုင်ငံတော်သမ္မတက စုစည်းတင်ပြလာတဲ့ ခုံရုံးအဖွဲ့ဝင်များနဲ့စပ်လျဉ်းပြီး အရည်အချင်း မပြည့်စုံကြောင်း အထင်အရှားပြသခြင်းမပြုနိုင်ရင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိကြောင်း သဘောရရှိပါတယ်။ ဒါ့အပြင် ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးဖို့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက် မရရှိတဲ့ အဖွဲ့ဝင်နေရာအတွက် အမည်စာရင်း အသစ်တင်သွင်းခွင့်ကိုလည်း သတ်မှတ်ချက်များနဲ့အညီ သမ္မတက တင်သွင်းခွင့် ရှိစေသင့်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေး အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးရေး၊ အဖွဲ့ဝင်များရှိသင့်တဲ့ အရည်အချင်းများနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**“၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်သုံးဦးစီကို ရွေးချယ်ရမည်–**

**(က) အသက်(၅၀)နှစ် ပြည့်ပြီးသူ၊**

**(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊**

**(ဂ) အသက်ကန့်သတ်ချက်မှအပ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊**

**(ဃ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ၊**

**(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊**

**၂။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။**

**၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက စုစည်း အမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။**

**၄။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။**

**၅။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။”**

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ သက်တမ်းနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့သက်တမ်းကို ငါးနှစ်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားခဲ့ပြီးဖြစ်ပါတယ်။ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့သက်တမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်ရဲ့သက်တမ်းလိုပဲ ငါးနှစ် သတ်မှတ်ပေးသင့်ပါတယ်။ သို့သော်လည်း သက်တမ်းကုန်ဆုံးပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ကို သမ္မတက ဖွဲ့စည်းပြီးသည့်အချိန်အထိ ဆက်လက် ထမ်းဆောင်စေသင့်ပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနဲ့စပ်လျဉ်းပြီး အောက်ပါ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြပါဖို့ ဖြစ်ပါတယ်–

**“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက် တာဝန်ထမ်းဆောင်ရမည်။”**

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်းခံရသူသည် လွှတ်တော်တစ်ရပ်ရပ်ရဲ့ ကိုယ်စားလှယ်ဖြစ်ခဲ့ရင် မိမိကို ခုံရုံးအဖွဲ့ဝင်တာဝန်ခန့်အပ်ခံရတဲ့နေ့ကစပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်က နုတ်ထွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်ရင်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့အညီ အငြိမ်းစားယူရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆောင်ရွက်ရာမှာ နိုင်ငံရေးဘက်လိုက်မှု ကင်းရှင်းဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရတဲ့ အဖွဲ့ဝင်သည် နိုင်ငံရေးပါတီဝင်တစ်ဦး ဖြစ်လျှင် မိမိရာထူးသက်တမ်းအတွင်း သက်ဆိုင်ရာပါတီရဲ့ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိသင့်ပါ။ ခုံရုံးအဖွဲ့ဝင် တစ်ဦးသည် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးမှ နုတ်ထွက်လိုပါက သမ္မတထံ စာဖြင့် တင်ပြပြီး နုတ်ထွက်ခွင့်ပေးသင့်ပါတယ်။ ဒါ့အပြင် အကြောင်းတစ်စုံတစ်ရာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် နေရာလစ်လပ်ခဲ့လျှင်လည်း လစ်လပ်သောနေရာတွင် အဖွဲ့ဝင်အသစ်ကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသင့်ပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးခန့်ထားခြင်းနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်–

**“၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည်–**

**(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှ စ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**(ဂ) နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။**

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။**

**၃။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အသစ်အား ခန့်အပ် တာဝန်ပေးနိုင်သည်။”**

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ အကျင့်သီလသမာဓိနှင့် ပြည့်စုံခြင်း စသည့်အရည်အချင်းများနှင့်လည်း ပြည့်စုံဖို့ လိုအပ်ပါတယ်။ အဲဒီအရည်အချင်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ခုံရုံးအဖွဲ့ဝင်ရဲ့ အရည်အချင်း ပျက်ယွင်းလျှင်ဖြစ်စေ၊ အဲဒီအဖွဲ့ဝင်ကို စွပ်စွဲပြစ်တင်ခွင့် ရှိသင့်ပါတယ်။ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးကို စွပ်စွဲပြစ်တင်ရာမှာ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်–

**“၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါ အကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–**

**(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

**(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊**

**(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းပျက်ယွင်းခြင်း၊**

**(င) ပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊**

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။”**

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲတဲ့အခါ အခြေခံရမယ့်မူများ ချမှတ်ထားရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနဲ့စပ်လျဉ်းပြီး အောက်ပါအခြေခံရမယ့်မူများ ချမှတ်ထားပါတယ်–

စာမျက်နှာ ၆ ကော်လံ ၁ သို့

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ကိုးဦးဖြင့်ဖွဲ့စည်းရမည်

*စာမျက်နှာ ၅ မှ*

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့်ဥပဒေများသည်လည်းကောင်း၊ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များဆောင်ရွက်ခြင်းတို့ပြုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတစ်ရုံးကို ဖွဲ့စည်းမည်။

အဲဒီအခြေခံရမယ့်မူများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်များပါရှိတာတွေ့ရပါတယ်။ အဲဒီလုပ်ငန်းတာဝန်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့လုပ်ငန်းတာဝန်များအဖြစ် အသေးစိတ်အခြေခံရမယ့်မူများချမှတ်ရာမှာ ဆီလျော်သလို ပြောင်းရွှေ့ဖော်ပြပေးသင့်တဲ့အပြင် ပြည်ထောင်စုနယ်မြေများနဲ့ စပ်လျဉ်းတဲ့အကြောင်းကိစ္စရပ်များ ပေါ်ပေါက်လာလို့ နိုင်ငံတော်သမ္မတက အကြောင်းကြားလာရင် စိစစ်ဆုံးဖြတ်ပေးနိုင်ဖို့လဲ ထည့်သွင်းသတ်မှတ်ပေးသင့်တယ်လို့ သဘောရရှိပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်–

**“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

**၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊**

**၂။ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊**

**၃။ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊မရှိ စိစစ်ခြင်း၊**

**၄။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်းဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊**

**၅။ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊**

**၆။ ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊**

**၇။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ”**

**သဘာပတိကြီးခင်ဗျား–**

တရားရုံးများသည် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို တည်ဆဲဥပဒေများနဲ့အညီ စစ်ဆေးစီရင်ကြရပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါ တရားရုံးတစ်ရုံးက မိမိစစ်ဆေးစီရင်တဲ့အမှုတွင် ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊မရှိ အငြင်းပွားမှုပေါ်ပေါက်လာရင် အဲဒီအငြင်းပွားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကသာ အဆုံးအဖြတ်ပေးသင့်ပါတယ်။ တရားရုံးအနေနဲ့ မိမိစစ်ဆေးတဲ့အမှုကို ရပ်ဆိုင်းထားပြီး မိမိရဲ့ထင်မြင်ချက်ကို သတ်မှတ်ထားတဲ့နည်းလမ်းများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အဆုံးအဖြတ်ရယူရန် တင်ပြသင့်ပါတယ်။ အငြင်းပွားမှုနဲ့စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အမှုအားလုံးနဲ့ သက်ဆိုင်သင့်တဲ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေသင့်ပါတယ်။

ဒါကြောင့် တရားရုံးတစ်ရုံးက အမှုကို စစ်ဆေးစီရင်ရာမှာ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်မှု၊ ညီညွတ်မှု ရှိ၊မရှိ အငြင်းပွားမှုပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်းအသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်–

**“၁။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိ၊မရှိ၊ ညီညွတ်မှုရှိ၊မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။ ယင်း အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။**

**၂။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။”**

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အဓိပ္ပာယ် ဖွင့်ဆိုပေးရန် လုပ်ငန်းတာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ တင်သွင်းရာမှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားသူကြီးချုပ်နဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့် ရှိသင့်ပါတယ်။ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်(သို့မဟုတ်) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ အနည်းဆုံး ၁၀ ရာခိုင်နှုန်းအရေအတွက်ရှိတဲ့ ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ တင်သွင်းတဲ့ကိစ္စမှာ တိုက်ရိုက် တင်သွင်းခွင့်မပေးဘဲ သတ်မှတ်ထားသည့် နည်းလမ်းများနဲ့အညီသာ တင်သွင်းခွင့်ရှိသင့်ကြောင်း သဘောရရှိပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ပေးရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်–

**“၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက် တင်သွင်းခွင့်ရှိသည်–**

**(က) နိုင်ငံတော်သမ္မတ**

**(ခ) ပြည်ထောင်စု လွှတ်တော်နာယက**

**(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**

**(ဃ) အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ**

**(င) ပြည်ထောင်စု တရားသူကြီးချုပ်**

**(စ) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ**

**၂။ အောက်ပါ ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်သွင်းခွင့်ရှိသည်–**

**(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်**

**(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ**

**(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့ ဥက္ကဋ္ဌ**

**(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ”**

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း၊ အခြား အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုများ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များအတွက် လိုအပ်တဲ့ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းတဲ့အခါ မှီငြမ်းပြုနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်ပြီး ခုံရုံးအဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဆင့်သတ်မှတ်ရေးတို့နဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်–

**၁။ “ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။**

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စု ဝန်ကြီးအဆင့်သတ်မှတ်သည်။”**

**သဘာပတိကြီးခင်ဗျား–**

အထွေထွေပြဋ္ဌာန်းချက်များအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ်များ လေ့လာရာမှာ လွယ်ကူစေရေးအတွက် အဲဒီမူတွေကို အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါတယ်–

**၁။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။**

**၂။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**

**၃။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်။**

**၄။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘာအယူအဆများဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်။**

**၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေကို ကိုးကားရမည်။**

**၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာတည်စေရမည်။**

**၇။ “ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–**

**(က) တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန် ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်”**

**၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ချုပ်ဆို အတည်ဖြစ်ခဲ့သော စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့် တာဝန်များကို အဆိုပါအခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း လေးစားသည်။**

**၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့်စပ်လျဉ်းဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရ တရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စု အစိုးရအား တရားစွဲဆိုနိုင်သည်။**

**(ခ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်။**

**၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ကိုးဦးဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လွှတ်တော် ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်သုံးဦးစီကို ရွေးချယ်ရမည်–**

**(က) အသက်(၅၀)နှစ် ပြည့်ပြီးသူ၊**

**(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊**

**(ဂ) အသက်ကန့်သတ်ချက်မှအပ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊**

**(ဃ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ၊**

**(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊**

**၁၁။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့်အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်း ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။**

**၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတကစုစည်းအမည်စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ။**

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

**ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။**

စာမျက်နှာ ၆ မှ

၁၃။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၁၄။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအသစ် ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည်–

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၈။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ရာထူးနေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၉။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းပျက်ယွင်းခြင်း၊

(၅) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာမထမ်းဆောင်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့်ဥပဒေများသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ၊မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊မရှိစိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကအကြောင်းကြားလာသည့်ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊





သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဌာရသမအစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

● **ရွှေဖုံးမှ**

## ဆောင်ရွက်တော်မူ

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် သဘာပတိ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဆရာတော် ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ်တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီက တင်သွင်းလျှောက်ထားပြီး ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

### အစားထိုးရွေးချယ်

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များက သာသနာတော်ဆိုင်ရာများ၊ ကျောင်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သံဃာတော်များအစားထိုးရွေးချယ်တင်မြှောက်ခြင်းနှင့် ၂၀၀၇ခုနှစ် ဓမ္မာစရိယစာမေးပွဲ ပညာရေးဗဟိုအဖွဲ့နှင့် ပန္နရသမအကြိမ် နိကာယ်စာမေးပွဲ ပညာရေးအဖွဲ့ ဖွဲ့စည်းရွေးချယ်သတ်မှတ်ရန် ကိစ္စတင်ပြခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပထမပြန်ပုစ္ဆာထုတ်စည်းမျဉ်းအထက်ယမိုက်အနက်ပေး ပုစ္ဆာပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးပထမနေ့ကို ရပ်နားလိုက်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ အဌာရသမအစည်းအဝေးသို့ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဦးအောင်ခင်(သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ ငြိမ်း)နှင့် ဇနီး ဒေါ်ယဉ်ယဉ်ညွန့်မိသားစုက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ကျွန်းမျောပေါ်က ခရမ်းချဉ်သီး |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇:၅၅ | တေးဂီတအစီအစဉ် |
| ၈:၀၀ | အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် |
| ၈:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၂၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ(ရွှေမိုးသည်းရုပ်ရှင်) |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | ဂျာနယ်များနှင့် စကားပြောခြင်း (ဟိန်းလတ်) |
| ၉:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၂၀ | တေးဂီတအစီအစဉ် |
| ၉:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၀ | Midweek Sports News |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | မြွေအန္တရာယ်နှင့် မြွေအန္တရာယ်ကြောင့်ကျောက်ကပ်ပျက်စီးခြင်းကိုကာကွယ်ကုသခြင်း (ဒေါက်တာ စောနောင်) |
| ၁၀:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၀ | Myanmar Video Rhythm |
| ၁၁:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၁၅ | သီးနှံစိုက်ပျိုးအထွက်တိုး စပါးပေါင်းပင် |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ |
| ၁၁:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅ | ရန်ကုန်-ကျောက်ဖြူလမ်းမကြီး(အပိုင်း-၂) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## ပျော်ဘွယ် အထက(ပန်းစုံ) ကျောင်းသား၊ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် အထက(ပန်းစုံ) ကျောင်းမှကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၈ရက်နံနက် ၈နာရီတွင် ပျော်ဘွယ်မြို့ ပန်းစုံကျောင်းတိုက် ရွှေစေတီဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၀၀၆၅၆၉၊ ဦးညွန့်ဝင်းအောင် ဖုန်း-၀၆၄-၄၉၃၂၉ ပျော်ဘွယ်မြို့၊ ဦးရန်မျိုးဝင်း ဖုန်း-၀၆၇-၄၁၁၃၉၆/၄၂၀၁၉၇ နေပြည်တော်နှင့် ဒေါ်သီသီညို ဖုန်း-၀၂-၃၁၄၈၅/၂၆၅၈၇ မန္တလေးမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့်လုပ်ငန်းတာဝန်များ၊

၂၁။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိ၊မရှိ၊ ညီညွတ်မှု ရှိ၊မရှိ အငြင်းပွားမှုပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကလည်း တစ်စုံတစ်ရာ ဆုံးဖြတ်ချက် ချမှတ်ထားခြင်း မရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍အဆုံးအဖြတ်ရယူရမည်။ ယင်းအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်–

(က) နိုင်ငံတော်သမ္မတ

(ခ) ပြည်ထောင်စုလွှတ်တော်နာယက

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

၂၄။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့ဥက္ကဋ္ဌ

(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။

တို့ ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

အထွေထွေပြဋ္ဌာန်းချက်များဆိုင်ရာအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးများအနေနဲ့ ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကိုချမှတ်ရန်သင့်၊ မသင့်နဲ့ အခြားကောင်းမွန်တဲ့ အကြံဉာဏ်များရှိရင်လည်း ဆွေးနွေးအကြံပြုကြဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# အောက်ကျမခံ နောက်ကျမကျန်ဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လျှောက်လှမ်းကြပါစို့

သီဟအောင်

* **ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးသည် ပဓာနကျသည့် အမျိုးသားရေး တာဝန်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသည့် နိုင်ငံတစ်ခုအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများသည် ကဏ္ဍအလိုက်ရော ဒေသအလိုက်ပါ မြားမြောင်လှသည်။ ထို့ကြောင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အမျိုးသားရေးအင်အား ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ရေးသည် ပကတိ လိုအပ်ချက်ဖြစ်သည်။**
* **တစ်မျိုးသားလုံး၏ မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးထူထောင်ရာတွင် ပင်မကျသည့် အမျိုးသားရေး အင်အားစုနှစ်ရပ် လိုအပ်သည်။ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ပြီး ပြည်ထောင်စုမပြိုကွဲစေရန် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်မည့် ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝသော မျိုးချစ်အင်အားစုလိုအပ်သည်။ တစ်ချိန်တည်းမှာပင် သဘာဝ သယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံတွင် ယင်းသဘာဝအရင်းအမြစ်များကို တန်ဖိုးရှိအောင် ဖော်ဆောင်နိုင်မည့် လူသားအရင်းအမြစ်များလဲ လိုအပ်သည်။**

ဖော်ပြပါ လမ်းညွှန်မိန့်ကြားချက်များသည် တစ်မျိုးသားလုံးထားရှိ ကျင့်သုံးဖော်ဆောင်အပ်သော ဦးတည်ချက်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၀ပြည့်နှစ် အခမ်းအနား၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားခဲ့သော လမ်းညွှန်ချက်များဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရှည်လျားသော သမိုင်းစဉ်အကြောင်းတရားများနှင့် ကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ လူဖြစ်ပေါ်မှုအစ သမိုင်းမှသည် ယနေ့ကာလအထိ အစဉ်တစိုက် တရွေ့ရွေ့ တိုးတက်ပြောင်းလဲလာခဲ့သော သမိုင်းစဉ်ရှိသည့် နိုင်ငံလည်း ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံသည် သဘာဝပထဝီအနေအထား ကောင်းမွန်ပြီး သယံဇာတပစ္စည်းများ ပေါများကြွယ်ဝသည့် နိုင်ငံလည်းဖြစ်သည်။ အနောက်ရိုးမတောင်တန်း၊ အလယ်ရိုးမတောင်တန်း၊ အရှေ့ရိုးမတောင်တန်း၊ တနင်္သာရီရိုးမတောင်တန်းစသော တောင်တန်းကြီးများသည် မြန်မာနိုင်ငံ၏ ရာသီဥတုကို သင့်တင့်မျှတစေသကဲ့သို့ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းစသည့် မြစ်ကြီးမြစ်ငယ်များသည်လည်း လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် လျှပ်စစ်စွမ်းအား ကဏ္ဍများကို ထာဝရ အကျိုးပြုလျက်ရှိနေပေသည်။ ယင်းသို့သော ပထဝီအနေအထားကြောင့် အဖိုးတန် သဘာဝပေါက်ပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုးများ ပေါများလှသည်။ ထို့ပြင် ပိတောက်၊ သင်္ကန်း၊ အနန်း၊ ကုက္ကို၊ ကနစို၊ သစ်ကတိုး၊ သစ်ကြား၊ အင်ကြင်း၊ ထင်းရှူး၊ ထောက်ကြံ့၊ ပျဉ်းမ၊ သဖန်း၊ သစ်ရာ၊ သစ်စေး၊ သစ်အယ်၊ ဝက်သစ်ချ၊ ကညင်ဖြူ၊ ကညင်နီ၊ အုံတုံ၊ ကံ့ကော် စသော သစ်အမျိုးမျိုး၊ ဝါးပိုးဝါးနက်စသော ဝါးအမျိုးမျိုး၊ သစ်ကြံပိုး၊ ကရဝေး၊ ပွေးကိုင်း၊ ဖုံးမသိန်၊ ဘုမ္မရာဇာ စသော အဖိုးတန် ပရဆေးအမျိုးမျိုးတို့လည်း ပေါက်ရောက်ရှင်သန်နေကြသည်။

စိုက်ပျိုးရေးကို ကြည့်မည်ဆိုပါက စပါး၊ နှမ်း၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ဝါ၊ ဂုံ၊ ဆေး၊ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်၊ ကြံ၊ အုန်း၊ ရော်ဘာ၊ ဆီအုန်း စသည့် စားသုံးပင်အမျိုးမျိုးတို့ စိုက်ပျိုးဖြစ်ထွန်းသော နိုင်ငံလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ မြေအောက်၊ ရေအောက်တွင် အဖိုးတန်ဓာတ်သတ္တု ရတနာသိုက်များ တည်ရှိနေရာ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ကျောက်နီ၊ ပတ္တမြား၊ ပုလဲ၊ ပယင်း၊ ခဲ၊ ခဲမဖြူ၊ သံ၊ သံဖြူ၊ ကြေးနီ၊ ခနောက်စိမ်း၊ အဖြိုက်နက်၊ သွပ်၊ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်ဖြင့် အမျိုးအမည်ပေါင်း များပြားစုံလင်လှသည်။

မြန်မာနိုင်ငံသည် ယင်းသို့သော သဘာဝသယံဇာတပစ္စည်းများ ပေါများကြွယ်ဝမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခိုင်မာမှု၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ရိုင်းပင်းကူညီစောင့်ရှောက်မှု၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းမြှင့်တင်မှုများဖြင့် ရာဇဝင်တွင် စာတင်လောက်အောင် ထွန်းတောက်ခဲ့သည့် နိုင်ငံလည်း ဖြစ်သည်။

အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးသည် အမည်နာမအားဖြင့် ကွဲပြားကြသော်လည်း အခြေခံအားဖြင့်တူညီသည့်မျိုးနွယ်စုတစ်ခုတည်းမှ ပေါက်ဖွားဆင်းသက်လာသူများ ဖြစ်ကြသည်။ တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်ရင်းနှမများ ဖြစ်သည်နှင့်အညီ အချင်းချင်းမညီညွတ်ဖြစ်စရာအကြောင်း မရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများက အထင်အရှားပြဆိုနေပေသည်။

ယင်းသို့ နှစ်ပေါင်းထောင်ချီ၍ ညီညီညွတ်ညွတ် လက်တွဲနေထိုင်ခဲ့ကြရာမှ တိုင်းတစ်ပါး၏ ကျူးကျော်သိမ်းပိုက်မှုအောက် ကျရောက်ခဲ့ရသည့် နှစ်ပေါင်း ၁၀၀ကျော်အတွင်း ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရသည်ကို သင်ခန်းစာရယူကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့ပယောဂများကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲခဲ့ရ၍ လွတ်လပ်ရေးရသည့်အချိန်၌ လက်နက်ကိုင်သောင်းကျန်းသူများ ပေါ်ပေါက်လာခဲ့ရာ ယင်းဒဏ်ကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ခံစားခဲ့ကြရပါသည်။

ယနေ့အချိန်အခါ၌လည်း မြန်မာနိုင်ငံ၏အခြေအနေ၊ မြန်မာလူမျိုးတို့၏ ဘဝကို နားမလည်ဘဲ မြန်မာနိုင်ငံကို စိုးမိုးခြယ်လှယ်ပြီး ရုပ်သေးရုပ်ကဲ့သို့ ကြိုးကိုင်အသုံးချနိုင်စေရန် ကြိုးပမ်းနေကြသည့် နိုင်ငံကြီးအချို့ရှိနေပြန်သည်။ မိမိတို့နိုင်ငံ ရုပ်သေးရုပ်နိုင်ငံဖြစ်လာပါက အချုပ်အခြာအာဏာပိုင်ဆိုင်မှု လက်လွတ်ဆုံးရှုံးသွားမည်သာ ဖြစ်ပါသည်။

မြန်မာနိုင်ငံကို ယင်းသို့သော ရုပ်သေးရုပ်နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် နိုင်ငံသူနိုင်ငံသားများ၏ အသက်ပေါင်းများစွာကို ရင်းနှီးပေးဆပ်ပြီး လွတ်လပ်ရေးထိန်းသိမ်းမှုကာလတစ်လျှောက်လုံး အန္တရာယ်များကို တားဆီးချေမှုန်းခဲ့ကြခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှသည် ယနေ့ ရုပ်သေးရုပ်နိုင်ငံမဖြစ်ရေး ကြိုးပမ်းမှုအဆင့်ဆင့်သည် မြန်မာတိုင်းရင်းသားအားလုံး၏ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ပညာရည်မြင့်မားလိုသော စိတ်ဓာတ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လိုသော စိတ်ဓာတ်များကို နိုးကြားတက်ကြွစေခဲ့သည်။

ဖော်ပြပါ မြန်မာတိုင်းရင်းသားတို့၏ ကောင်းမြတ်သောစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်ခိုင်မာနေစေရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရန် အမြဲတမ်း ကာကွယ်စောင့်ရှောက်နေကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက စည်းလုံးညီညွတ်ခြင်းသည် မြန်မာတစ်မျိုးသားလုံးအတွက် ချမ်းသာခြင်း၊ ကြီးပွားတိုးတက်ခြင်း၏ အကြောင်းရင်းများဖြစ်ခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးစားပေး ထိန်းသိမ်းတည်ဆောက်ပေးလျက်ရှိသည်။

ထို့ကြောင့်လည်း အတိတ်ကာလက အကြောင်းအမျိုးမျိုးကြောင့် သံသယပွားခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဦးတည်ချက်ကို နားလည် သဘောပေါက်လာသည်နှင့်အမျှ ပြည်ထောင်စုအကျိုးကို လက်တွဲ သယ်ပိုးထမ်းရွက်ကြမည်၊ ပြည်ထောင်စုအပေါ် ကျရောက်နိုင်သည့် အန္တရာယ်ရန်စွယ်များကို လက်တွဲတွန်းလှန် ချေမှုန်းသွားကြမည်ဆိုသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေး မျက်နှာစာအသီးသီးတွင် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ ယင်းသည် စည်းလုံးညီညွတ်ခြင်း၏ စွမ်းပကားနှင့် အကျိုးရလဒ်များကို အထင်အရှား ပြဆိုနေသည့် သာဓကများပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သယံဇာတအရင်းအမြစ်များ ပေါများကြွယ်ဝပြီး တိုင်းရင်းသားများ၏ အရည်အသွေးလည်း မြင့်မားပါလျက် တစ်ချိန်က စည်းလုံးညီညွတ်မှုလျော့ပါးခဲ့သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည်မှာ များစွာဝမ်းနည်းစရာကောင်းလှသည်။

မြန်မာနိုင်ငံသားများ၏ ပြင်းပြသောဆန္ဒသည် အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ပြည်သူတို့၏ဆန္ဒကို အမျိုးသားရေးပန်းတိုင်အဖြစ် သတ်မှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုစွမ်းပကားဖြင့် တည်ဆောက်ပေးနေကြောင်း အားလုံး မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။

၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသည့် လူထုအစည်းအဝေးကြီးသို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဝဏ်လွှာတစ်ရပ်ပေးပို့ခဲ့ရာတွင်—

**“ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ အမျိုးသားအင်အား ခိုင်မာတောင့်တင်းမှုပင် ဖြစ်ပါသည်။ အမျိုးသားအင်အားကို တည်ဆောက်ရာတွင် နိုင်ငံတော်၏ ပထဝီဝင်အနေအထားနှင့် ရာသီဥတုအခြေခံ ကောင်းမွန်မှု၊ သဘာဝ သယံဇာတကြွယ်ဝမှု၊ လူဦးရေများပြားပြီး ပြည်သူတို့၏ပညာရည် မြင့်မားမှု၊ အမျိုးသားလူမှုစီးပွားရေးစနစ်များ အခြေခံကောင်းမွန်မှု၊ နိုင်ငံသားများ၏ စာရိတ္တမြင့်မားမှု၊ ကျန်းမာကြံ့ခိုင်မှု၊ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ချောမွေ့မှု၊ နိုင်ငံခေါင်းဆောင်များ၏ အရည်အသွေးနှင့် နိုင်ငံတော်မူဝါဒများ ကောင်းမွန်မှု၊ နိုင်ငံတကာ ဆက်ဆံရေးတွင် သံတမန်ရေးရာကျွမ်းကျင်မှု၊ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းတည်ငြိမ်မှုတို့ကို ကာကွယ်စောင့်ရှောက်ပေးမည့် ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာမှုတို့သည် အရေးပါသော အခြေခံကောင်းများဖြစ်ပေသည်။”**

ဟူ၍ လမ်းမှန်ညွှန်ပြ မီးမောင်းထိုးပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

ထို့ကြောင့် မြန်မာတစ်မျိုးသားလုံးသည် တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဟူသည့် အမျိုးစောင့်တရား၊ တစ်နည်းအားဖြင့် ဝံသာနုရက္ခိတတရား လက်ကိုင်ထားကြရမည်ဖြစ်ပါသည်။

ထို့အတူ မိမိဒေသအပါအဝင် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီး တိုးတက်ကြီးပွားစေရန် အားလုံးချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်၊ တစ်နည်းအားဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာအောင် မွေးမြူပျိုးထောင်နေကြရမည်ဖြစ်ပါသည်။

ယင်းသို့ ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာအောင် ကိုယ်စီကိုယ်င မွေးမြူပျိုးထောင်နေခြင်းသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် စွမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း ဆက်စပ်တွေ့ရှိနိုင်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရာတွင် တစ်မျိုးသားလုံး ပညာရည်အဆင့်အတန်းမြင့်မားပြီး ထူးချွန်ထက်မြက်သည့် ပညာတတ်လူ့အရင်းအမြစ်များ ပြည့်စုံလုံလောက်စွာရှိနေမှ အောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ အောင်မြင်ဖြစ်ထွန်းလာမှုများကိုလည်း ရေရှည်အကျိုးသက်ရောက်မှု ရှိရှိဖြင့် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်တွင် သဘာဝသယံဇာတအရင်းအမြစ်များ အခိုင်အမာရှိထားပြီးဖြစ်ရာ လူ့စွမ်းအား အရင်းအမြစ်များ ခိုင်ခိုင်မာမာပေါ်ထွန်းရေးသည် အထူးအရေးကြီးလှပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက—

**“နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားသယံဇာတ အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဒေသအလိုက်ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပညာရည်မြင့်မားမှုသာ မိမိလူမျိုး ကြီးပွားတိုးတက်စေရန် စွမ်းဆောင်နိုင်မည်ဖြစ်သဖြင့် နိုင်ငံနှင့်အဝန်းတွင် တိုင်းရင်းသားလူမျိုးအားလုံး ပညာရည်မြင့်မားပြီး အတွေးအခေါ်၊ အကြံအစည်၊ အားထုတ်မှု၊ ဖန်တီးနိုင်မှုစသည့် အရည်အချင်းများဖြစ်ထွန်းလာကာ ဘက်စုံ၊ ထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရန်လိုကြောင်း”**

ဟူ၍ လမ်းညွှန်မိန့်ကြားထားခြင်း ဖြစ်ပါသည်။

အဆိုပါ လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်အစိုးရက နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ တိုးတက်ပြောင်းလဲမှုများကို အခြေခံပြီး မျက်မှောက်ကာလ၏ စိန်ခေါ်မှုများအပြင် အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုများကိုပါ ရင်ဆိုင်ဖြေရှင်းနိုင်စေရန်အတွက် အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို လွန်ခဲ့သည့် ရှစ်နှစ်ကျော်၊ ကိုးနှစ်ကာလ ၁၉၉၈ခုနှစ်မှစတင်ပြီး စနစ်တကျ စီမံကိန်းအဆင့်ဆင့်ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများနှင့်အညီ ကျောင်းသူ ကျောင်းသား ၊လူငယ်များအတွက်သာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက်ပါ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်စေမည့် ပညာရေးအခြေခံ ကောင်းများ၊ ကြီးမားကျယ်ပြန့်သည့် လေ့လာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများကို စနစ်တကျဖန်တီး တည်ဆောက်ပေးနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရက စီမံဖန်တီးပေးထားသည့် ပညာရေးပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ကြီးတွင် ဆရာ ဆရာမများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ အပါအဝင် ပညာရေးအဝန်းအဝိုင်းတစ်ခုလုံး၊ မိဘပြည်သူ တစ်ရပ်လုံးနှင့် ကျောင်းသားကျောင်းသူများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြန်မာ့ပညာရေးလောက၏ အရေအတွက်အရရော၊ အရည်အချင်းအရပါ တိုးတက်ပြောင်းလဲမှုများသည် အရှိန်အဟုန်ဖြင့် အံ့မခန်း အောင်မြင်ဖြစ်ထွန်းလာနေသည်ကို ယနေ့တွေ့မြင်နေကြရလေပြီ။

အဆင့်မြင့်ပညာကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကိုကြည့်လျှင် ၁၉၈၈ခုနှစ်ကာလက တက္ကသိုလ်ကောလိပ် ၃၂ခုသာရှိခဲ့ရာမှ ယခုဆိုလျှင် မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ဆေးဘက်ပညာသည်တက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်စသည့် ပညာရပ်အထူးပြု တက္ကသိုလ်ကြီးများအပါအဝင် တက္ကသိုလ်ကောလိပ် ၁၅၆ခုအထိ တိုးပွားဖြစ်ထွန်းလာခဲ့သည်။

ယခင်က ကွန်ပျူတာနည်းပညာဆိုင်ရာ ဒီပလိုမာသင်တန်း အဆင့်သာရှိခဲ့ရာမှ ယခုဆိုလျှင် ကွန်ပျူတာ တက္ကသိုလ်နှစ်ခုအပြင် ကွန်ပျူတာကောလိပ်များ ပြည်နယ်၊တိုင်းအားလုံး၌ ဖြန့်ကြက်တည်ရှိနေသည်။ ပညာရပ်များ တိုးတက်ဖြစ်ထွန်းမှုကိုကြည့်လျှင်လည်း ဘာသာရပ်မျိုးကွဲများ၊ ပေါင်းစပ်ဘာသာရပ်များ၊ ဆင့်ပွားဘာသာရပ်များ တိုးပွားပေါ်ထွန်းလာသည့်အတွက် ပညာရပ်မျိုးစုံ စုစည်းစုံလင်ပြီး အထူးပြုလေ့လာနိုင်သည့် ကြီးမားကျယ်ပြန့်သော ပညာရေးအဆောက်အအုံကြီးတစ်ခု ဖြစ်ထွန်းနေပြီဟု ဆိုရပါမည်။

ယခုဆိုလျှင် မူလတန်းလွန်ကျောင်း ၅၅၄၅ကျောင်း အပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ကျောင်း ရှိလာပြီဖြစ်၍ ၁၉၈၈ခုနှစ်က အခြေခံပညာကျောင်း ၃၃၇၄၇ကျောင်းသာရှိခဲ့သည့် အခြေအနေထက် ကျောင်းပေါင်း ၇၀၀၀နီးပါး တိုးပွားလာခဲ့သည်။ ထို့အတူ Multi-Media စာသင်ခန်း ဖွဲ့စည်းနိုင်သည့် ကျောင်းပေါင်း ၁၆၆၀အထိ ရှိလာခဲ့သည်။

သူငယ်တန်းကျောင်းဝင်နှုန်းမှာလည်း ၉၇ဒသမ၅၈ရာခိုင်နှုန်းအထိ တိုးတက်လာနေပြီ ဖြစ်သကဲ့သို့ ကျောင်းနေမြဲရေး၊ အဆင့်ကူးပြောင်းသင်ယူမှု မြင့်မားရေးအတွက် အာရုံစူးစိုက် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကျောင်းနေနှုန်း၊ အဆင့်ပြီးဆုံးမှုနှုန်းနှင့် အဆင့်ကူးပြောင်း သင်ယူမှုနှုန်းများလည်း သိသာစွာ တိုးတက်လာခဲ့သည်။ ကျောင်းပြင်ပ ပညာရေးကြိုးပမ်းမြှင့်တင်ပေးမှုကြောင့် ယခုအခါ သက်ကြီးစာတတ်မြောက်မှုနှုန်းသည်လဲ ၉၄ဒသမ၁ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

ယင်းသည် ခေတ်စဉ်မျိုးဆက် အရည်အသွေးမြင့်မားသည့် လူနေမှုဘဝ (Quality of Life)ရရှိစေရေးအတွက် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှု(Sustainable Development) ဖြစ်အောင်၊ တစ်မျိုးသားလုံး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် နိုင်ငံတော်က ပြုစုပျိုးထောင်ပေးနေခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သည့် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီးကို ဖန်တီးတည်ဆောက်ပေးနေခြင်းပင် ဖြစ်ပါတော့သည်။

နိုင်ငံတကာကိုကြည့်လျှင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး ကြီးပွားချမ်းသာရေး၊ မိမိတို့၏အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့ရှိနိုင်ပါသည်။

ယင်းသို့အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံ၊မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ မြန်မာတစ်မျိုးသားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်တန်းတန်း တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး **“အမျိုးသားရေးပန်းတိုင်”** ကို မရောက်ရောက်အောင် ချီတက်ဆောင်ရွက်မည်ဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ကို အခိုင်အမာကိုင်စွဲပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အားထုတ်ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိနေပါသည်။

ထို့ကြောင့် မိမိတို့ တစ်မျိုးသားလုံးကလည်း အမျိုးသားပညာရည်မြင့်မားမှု အခြေခံဖြင့်လည်းကောင်း၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ခိုင်မြဲမှုဖြင့်လည်းကောင်း နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ရှေးရှုကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် **အောက်ကျမခံ နောက်ကျမကျန်ဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး လျှောက်လှမ်းချီတက်ကြပါစို့** ဟု တိုက်တွန်းရေးသားလိုက်ပါသည်။ ။

# ကျေးလက်ပြည်သူများ စာပေဗဟုသုတနှင့် လူနေမှုအဆင့်အတန်းမြင့်မားစေရေး ပြည်နယ်လုံးကျွတ် ကျေးရွာစာကြည့်တိုက်များ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည် ဖော်နိုင်မှုအခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**

## ကြိုဆိုထောက်ခံ

ထိုသို့ တင်ပြရာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းခိုင်အေးချမ်းကတင်ပြရာတွင် ၂၀၀၆ခုနှစ် နှစ်ဦးဇန်နဝါရီလအတွင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းက တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ မိဘပြည်သူများအားလုံးပါဝင်သည့် အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကြီးကို လားရှိုးမြို့ ပြည်သူ့အားကစားကွင်းကြီး၌ မိမိတို့ ပြည်ခိုင်ဖြိုးအသင်းကြီးကဦးစီးပြီး ထည်ဝါခမ်းနားစွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ထိုလူထုအစည်းအဝေးကြီးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူလူထုတစ်ရပ်လုံး အခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို တစ်ခဲနက်ကြိုဆိုထောက်ခံကြောင်းကို ဖော်ပြခဲ့ကြကြောင်း။

## ရက်စက်ယုတ်မာ

ကြိုဆိုထောက်ခံပွဲကြီးပြီး၍ မရှေးမနှောင်းတွင်ပင် အေးချမ်းသာယာနေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းကို ကမူးရှူးထိုး ထိုးဖောက်ဝင်ရောက်လာသော သံချောင်းဦးစီးသည့် သောင်းကျန်းသူအဖွဲ့သည် တပ်မတော်နှင့်ပြည်သူ ပူးပေါင်းထိုးစစ်အောက်တွင် ဒူးထောက်လက်မြှောက်သွားခဲ့သည်ကို အမှတ်ထင်ထင်ရှိကြဦးမည်ဟု ထင်ပါကြောင်း၊ သံချောင်းတို့အဖွဲ့၏ ဒီမိုကရေစီအရေခြုံထားသည့် ရက်စက်ယုတ်မာမှုများကို လားရှိုးမြို့တော်ခန်းမအတွင်း၌ သတင်းစာရှင်းလင်းပွဲကျင်းပပြီး မြန်မာသိကမ္ဘာသိ ဖွင့်ချခဲ့သည်ကိုလည်း ကိုယ်စားလှယ်များ မှတ်မိကြမည်ဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ဒေသတွင်းအေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု လိုအပ်သကဲ့သို့ တိုင်းရင်း သားမိဘပြည်သူများ၏ စားဝတ်နေရေးပြေလည်စေရေး၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးနှင့် လူသားအရင်းအမြစ် မြင့်မားတိုးတက်ရေးအတွက် အဓိကဖြစ်ကြောင်း။

## ဂုဏ်ယူဝမ်းမြောက်စရာ

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မှန်ကန်လှသည့် စေတနာနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ ဟူးမွန်စိုက်ကွင်းအထက်တွင် ကောက်ကွေ့ချောင်းရေလှောင်တမံနှင့်ဟူးမွန်ဆည်ကို တည်ဆောက်ပြီးစီး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ မိုးစပါး၊ နွေစပါး အောင်ရေသာမက၊ လျှပ်စစ်စွမ်းအား ထုတ်လုပ်နိုင်သည့်အပြင် သောက်သုံးရေဖူလုံရေးကိုပါ ဖြည့်စွမ်းပေးနိုင်ခြင်းကြောင့် မိမိတို့ဒေသအတွက် ဂုဏ်ယူဝမ်းမြောက်စရာဖြစ်ရကြောင်း။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းခိုင်အေးချမ်း တင်ပြစဉ်။ (သတင်းစဉ်)

## အောင်မြင်စွာဖွင့်လှစ်

ကျေးလက်နေပြည်သူများ၏ စာပေဗဟုသုတမြင့်မားစေရန် လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လုံးကျွတ် ကျေးရွာစာကြည့်တိုက်ပေါင်း ၂၉၄ခုကို အောင်မြင်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျေးလက်ပညာရေးအနေဖြင့် ကွတ်ခိုင်မြို့နယ် မရူဖတ်ကာဒေသတွင်း၌ မိမိတို့ပြည်ခိုင်ဖြိုးက ဦးဆောင်ကာ အလှူရှင်များစုပေါင်းပြီး ပညာရေးအတွက် ငွေကျပ်သိန်း ၁၃၀ကျော်တန် ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်လှူဒါန်းနိုင်ခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဝေးလံခေါင်းပါးဒေသများရှိ ကြမ်းပြင်ပေါ်တွင် စာရေးနေရသည့် မူလတန်းကျောင်း ၁၇၁ ကျောင်းသို့ တန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့်ရှိ စာသင်ခုံ ၈၄၀ ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းက စီစဉ်လှူဒါန်းပေးခဲ့သကဲ့သို့ မိမိတို့အသင်းဝင်များကလဲ ကျေးရွာအရောက် စာသင်ခုံများကို ပို့ဆောင်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် ကြမ်းပြင်မှ တစ်ဆင့်တက်၍ စာရေးခုံဖြင့် စာရေးနေပြီဖြစ်သည့် ကျောင်းသူ၊ ကျောင်းသားကလေးငယ်များကို မြင်တွေ့နေကြပြီဖြစ်ကြောင်းကို ပီတိရွှင်မြူးဝေစွာဖြင့် တင်ပြလိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားမိဘပြည်သူ အကျိုးစီးပွားအတွက်ဆိုလျှင် မိမိတို့အသင်းကြီးက အမြဲဦးထိပ်ပန်ဆင်လျက်ရှိကြောင်း။

- ဝမ်းစာစပါးဖူလုံရန် မိုးစပါး၊ နွေစပါးစိုက်ပျိုးခဲ့ကြောင်း၊
- အစားထိုးလောင်စာဆီအတွက် မြို့နယ်အသီးသီးတွင် အသင်းအဆင့်ဆင့်က ကြက်ဆူစိုက်ခင်း ၁၂၇ဧက ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊
- အသင်းသားများသည် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးမှုများတွင် တက်ကြွစွာ ဦးဆောင်ပါဝင်ခဲ့ကြကြောင်း၊
- လူသားအချင်းချင်း စာနာထောက်ထားပြီး သီပေါနှင့်လားရှိုး အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေရသူများအတွက် ရေသန့်စက်လှူဒါန်းခြင်း၊ ဆေးဝါးနှင့် လူသုံးပစ္စည်းများ၊အဝတ်အစားများကို ယနေ့အထိ ရှစ်ကြိမ်၊ စုစုပေါင်းငွေကျပ် ၃၇သိန်းကျော်လှူဒါန်းခဲ့ပြီး ဆေးဝါးကူညီမှုနှင့် မိသားစုများနှင့် ဆက်သွယ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊
- သက်ကြီးဘိုးဘွား ၁၄၆ဦးအတွက် ပစ္စည်းငွေအပါအဝင် လှူဒါန်းငွေတန်ဖိုးငွေကျပ် ၂၉သိန်း ၈၂၀၀၀နှင့် ဘိုးဘွားရိပ်သာအလှူငွေကျပ်ငါးသိန်းကို ပြည်နယ်တာဝန်ခံ ဝန်ကြီးကိုယ်တိုင် လှူဒါန်းပေးနိုင်ခဲ့ကြောင်း၊
- တက္ကသိုလ်ကောလိပ်များ၏ လူငယ်လှုပ်ရှားမှု မှန်သမျှကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ပညာရည်မြင့်မားရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မြို့နယ်အသီးသီး၏ နေရာပေါင်း ၂၉နေရာတွင် ကျောင်းသား ၁၈၈၃ဦးအား ဆရာ/ဆရာမ ၂၁၆ ဦးနှင့် စာကျက်ဝိုင်းများပြုလုပ်ပေးပြီး ပညာရေးအထောက်အကူ လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် နေ့ချင်းညချင်း တည်ဆောက်၍ မရနိုင်ဘူးဆိုပြီး မိမိတို့အသင်းနာယကကြီး၊ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊ အချိန်ယူပြီးတစ်ဆင့်ချင်းအကောင်အထည်ဖော်ရန် လိုအပ်ကြောင်းကို မိန့်ကြားခဲ့ကြောင်း၊ လက်ဖက်ကောင်းစားချင်လျှင် တောင်တက်နေးရမည်ဆိုသကဲ့သို့ ခေတ်မီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာ တွင်အခြေခံအုတ်မြစ်ခိုင်ခိုင်မာမာ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း တစ်ဆင့်ချင်း ပုံဖော်နေခြင်းဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်က တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုလေးနက်လာပြီဆိုသည်ကို မိမိတို့အားလုံး သက်ဝင်ယုံကြည်နေကြောင်း။

အနောက်မီဒီယာများနှင့် အဖျက်အုပ်စုများ ပြည်တွင်းပုဆိန်ရိုးများက မည်ကဲ့သို့ပင် သွေးထိုးနှောင့်ယှက်နေပါစေ မည်ကဲ့သို့ပင်ပိတ်ဆို့တားဆီးနေပါစေ မိမိတို့၏ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကဲ့သို့ လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ ငြိမ်းချမ်းရေးနှင့်လက်နက်အပြီးအပိုင်လဲလှယ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးများတွင် တက်ကြွစွာပါဝင်နေကြပြီး နိုင်ငံအတွင်းနေရာအနှံ့ သိသိသာသာဖွံ့ဖြိုး တိုးတက်လာခြင်းမျိုးမည်သည့်တိုင်းပြည် မည်သည့်နိုင်ငံမှမရှိသေးပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးဆိုသည့် ဤလမ်းဤခရီးတွင် အခက်အခဲမည်သို့ပင် ကြုံတွေ့ပါစေ၊ ခလုတ်ကန်သင်းမည်မျှပင် ပြည့်နှက်ပါစေ မရောက်ရောက်အောင် ဖြတ်သန်းကျော်လွှား ချီတက်ကြမည်သာ ဖြစ်ကြောင်းကို မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းဝင်များ အပါအဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက အလေးအနက် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်းဖြင့် တင်ပြသည်။ **(သတင်းစဉ်)**

# ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင် ပြည်သူများနှင့်ပူးပေါင်း၍ လုပ်အားဖြင့် ကူညီနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပြည်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**

ထိုသို့ တင်ပြရာ၌ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ရီရီသိန်းက တင်ပြရာတွင်



ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်ရီရီသိန်း တင်ပြစဉ်။ (သတင်းစဉ်)

မိမိတို့အသင်းကြီးသည် ၁၃နှစ်တာကာလကို ဖြတ်သန်းခဲ့ပြီး ဖြစ်သည့်အတွက် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တင်ကြိုးစားဆောင်ရွက်ခဲ့ကြောင်း သာရေး၊ နာရေးလုပ်ငန်းများအနက် သာရေးလုပ်ငန်း ၃၆ကြိမ်တွင် အသင်းဝင်ပေါင်း ၂၀၅၂၈ဦးတို့က ငွေအား လုပ်အားဖြင့် ကူညီနိုင်ခဲ့ကြသကဲ့သို့ အသင်းအဆင့်ဆင့်မှ အသင်းဝင် ၂၂ဦးတို့၏ မိသားစုနာရေးကိစ္စများတွင်လည်း အသင်းဝင် ၁၈၆၁၂ဦးတို့က ငွေအားကူညီမှု၊ လုပ်အားကူညီမှုဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ ထို့အပြင် အရေးပေါ် သွေးလိုအပ်နေသော မိဘပြည်သူ လူနာများအတွက် အသင်းဝင် ၄၄၃ဦးတို့က သွေးအမျိုးအစားမျိုးစုံ ၅၁၆ပုလင်းကိုလည်း ဇီဝိတဒါန အဖြစ် ပေးလှူနိုင်ခဲ့ကြကြောင်း။

## ဆက်သွယ်ပေးပို့

လူသားအချင်းချင်း စာနာထောက်ထားမှု၊ ကူညီစောင့်ရှောက်မှုတို့ ဖြင့် ရခိုင်ပြည်နယ်အတွင်း အကျဉ်းထောင်များရှိ အကျဉ်းသားများအတွက် ငွေကျပ် ၂၅၁၃၀၀တန်ဖိုးရှိသော ဖိနပ်၊ဆေးလိပ်၊ ဆပ်ပြာ၊ အဝတ်အထည်များ၊ အားကစားပစ္စည်းများနှင့် ဆေးပစ္စည်းများ ပံ့ပိုးကူညီပေးခဲ့သည့်အပြင် အကျဉ်းသားများက ၎င်းတို့၏ မိသားစုများနှင့် ဆက်သွယ်သည့်ပေးစာများကို သက်ဆိုင်ရာ အသင်းများမှတစ်ဆင့် ဆက်သွယ်ပေးပို့မှုများ ပြုလုပ်နိုင်ခဲ့ကြကြောင်း။

သဘာဝဘေးအန္တရာယ်များဖြစ်သည့် မီးဘေး၊ ရေဘေး၊ လေဘေး အန္တရာယ်များ ကျရောက်ခဲ့စဉ်တွင်လည်း ပြန်လည်ထူထောင်ပေးရေး လုပ်ငန်းများ၌ အသင်းဝင်ပေါင်း ၁၄၈၉ဦးသည် ဒေသခံပြည်သူများ၊ မိတ်ဖက်လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပါဝင်ကူညီနိုင်ခဲ့ကြကြောင်း၊ ထို့အပြင် ဗဟိုဌာနချုပ်နှင့် ဗဟိုအလုပ်အမှုဆောင် ပြည်နယ်တာဝန်ခံ၏ စီစဉ်မှုဖြင့် ငွေကျပ် ၁၀၂၄၄၅၀၀ တန်ဖိုးရှိ ဆန်၊ ဆီနှင့် အဝတ်အထည်များကိုလည်း သဘာဝဘေးအန္တရာယ်ခံရသည့် ပြည်သူများကို ကူညီထောက်ပံ့ပေးခဲ့ကြကြောင်း။

မိမိတို့ ရခိုင်ပြည်နယ်၌ ကျေးလက်ဒေသရေရရှိရေးအတွက် ရေကန်ဟောင်း ရှစ်ကန်ကို တူးဖော်ရာတွင်လည်းကောင်း၊ ရေကန်နှစ်ကန်ကို ခြံစည်းရိုး ကာရံရာတွင်လည်းကောင်း အသင်းဝင်ပေါင်း ၁၂၆၈ဦး၏ လုပ်အားဒါနအပြင် ငွေကျပ် ၃၂၀၀၀၀ကို ကူညီပံ့ပိုးကာ စည်ပင်သာယာဝန်ထမ်းများနှင့် လက်တွဲဆောင်ရွက်နိုင်ခဲ့ကြကြောင်း။

## ကူညီပံ့ပိုးနိုင်

ကျေးလက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အသင်းဝင်များ၊ ပြည်သူများ ပူးပေါင်းလျက် ကျေးရွာချင်းဆက်မြေသားလမ်း၊ ကျေးရွာကျောက်ခင်းလမ်း၊လမ်းပိုင်းသုံးခုကို ဖောက်လုပ်ကြရာတွင် အသင်းဝင်၂၅၈ဦးတို့က လုပ်အားဖြင့် ကူညီနိုင်ခဲ့ကြသကဲ့သို့ ငွေကျပ် ၁၆၀၀၀၀ကို ပံ့ပိုးကူညီနိုင်ခဲ့ကြောင်းနှင့် ကျေးလက်လမ်းများတွင် တံတားငယ်ခြောက်စင်း ပြုလုပ်ရာတွင် အသင်းဝင်ပေါင်း ၃၀၀ကျော်က လုပ်အားဖြင့် ကူညီခဲ့ပြီး ငွေကျပ် ၂၁၃၀၀၀ ကူညီပံ့ပိုးနိုင်ခဲ့ပါကြောင်းလည်း တင်ပြအပ်ပါကြောင်း။

# မျက်စိဆရာဝန်ညီလာခံ ရန်ကုန်မြို့၌ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၈)ကြိမ်မြောက် မျက်စိဆရာဝန်ညီလာခံကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသော ဆရာဝန်များသည် နိုဝင်ဘာ၂၁ရက်မှစတင်၍ ရန်ကုန်မြို့ မျက်စိဆေးရုံကြီး၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်

ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ငွေကျပ် ၃၁၉၃၀၀၀ တန်ဖိုးရှိ မူလတန်းအထက်အဆင့် စာရေးခုံနှင့်ထိုင်ခုံ ၁၁၀၂စုံ၊ မူလတန်းအောက်အဆင့် စာရေးခုံ ၂၂၀၀ကို ကျောင်းပေါင်း ၃၁၂ကျောင်းသို့ ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း၊ ထို့အပြင် မြို့နယ် ရှစ်မြို့နယ်တွင် မြို့နယ်အသင်း၏ အစီအမံဖြင့် ငွေကျပ် ၁၁၅၁၀၀၀တန်ဖိုးရှိ စာရေးခုံ၊ ထိုင်ခုံ၊ စားပွဲခုံ၊ သွပ်ပြားများ လှူဒါန်းပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလှူငွေနှင့်ရေဒီယိုများ၊ စာအုပ်စာစောင်များ ကူညီနိုင်ခဲ့ပါကြောင်းလည်း အစီရင်ခံတင်ပြလိုကြောင်း၊ တွေ့ရှိရသည့် အားနည်းချက်များကို ဖယ်ရှားပြုပြင်ပြီး အားသာချက်များကို အားဖြည့်ဆောင်ရွက်ခြင်းဖြင့် အသင်းကြီး ထာဝစဉ်တိုးတက်ခိုင်မာရေးအတွက် ယခု ၂၀၀၆ခုနှစ်တွင် ချမှတ်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် တင်ပြသည်။ **(သတင်းစဉ်)**

# လူထုကျန်းမာရေးစောင့်ရှောက်မှု လူမှုရေးလုပ်ငန်းတစ်ရပ်အနေဖြင့် နယ်လှည့်ကျန်းမာရေးပညာပေးဆွေးနွေးပွဲများ ကျေးရွာအရောက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**

ထိုသို့ တင်ပြရာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းနွမ်းမိုက တင်ပြရာတွင် အသင်းဝင်များကိုလည်း အရေအတွက်မှအရည်အချင်းသို့ ကူးပြောင်းနိုင်ရေးအတွက် ဗဟိုအသင်းက ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား စုစုပေါင်း ၆၃၈ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း နယ်မြေအတွင်းရှိ အသင်းအဆင့်ဆင့်၌ သင်တန်းအမျိုးအစား ခုနစ်မျိုးတွင် သင်တန်းသားဦးရေ ၁၃၄၁၈ဦးဖြင့် ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း။

## လေ့လာရေးခရီး

လွိုင်လင်နှင့် လင်းခေးခရိုင်အတွင်းရှိမြို့နယ်များမှ ကျေးလက်နေ ပြည်သူများကို ရန်ကုန်၊မန္တလေး၊ ပုဂံညောင်ဦးမြို့များသို့ လေ့လာရေးခရီးများ စေလွှတ်ပေးခဲ့ပြီး ယခုနှစ် ပွင့်လင်းရာသီများတွင် ကျန်မြို့နယ်များရှိ ကျေးလက်နေ ပြည်သူများကိုလည်း လေ့လာရေးခရီးများ ဆက်လက် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း။

ဆက်လက်ပြီး လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာကဏ္ဍကို တင်ပြရမည်ဆိုလျှင် ယခု အစီရင်ခံသည့် တစ်နှစ်တာကာလတွင်း လူမှုရေးလုပ်ငန်း ဆောင်ရွက်မှု အကြိမ်ပေါင်း ၁၄၈၂၆ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လူမှုရေးလုပ်ငန်းအတွက် ငွေပေါင်းကျပ်သိန်း ၃၂၀ ကျော် အသုံးပြုနိုင်ခဲ့ကြောင်း။

မိမိတို့ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက လူမှုရေးလုပ်ငန်းနှင့်ပတ်သက်၍ ထူးခြားသော ဆောင်ရွက်ချက်အနေဖြင့် ပြည်နယ်အသင်း နယ်မြေအတွင်းရှိ ကျေးလက်ဒေသများတွင် ဝါတွင်းကာလ၌ တောင်သူလယ်သမားများ လုပ်ငန်းခွင် ဝင်ရောက်မှုများပြားသဖြင့် ကျေးလက်ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းအခက်အခဲများ အတန်အသင့် ကြုံတွေ့ရကြောင်း သိရှိရသည့်အတွက် ယခုအစီအရင်ခံသည့် ၂၀၀၆ခုနှစ်အတွင်း လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၀၈၂ ကျောင်း၊ ဝါဆိုသံဃာ ၃၁၀၆ပါး၊ သာမဏေ ၁၄၅၂၄ပါးတို့အတွက် ဆွမ်းဆန်တော် ၁၁၀၅အိတ်၊ သင်္ကန်း ၁၀၈၂စုံအတွက် စုစုပေါင်းတန်ဖိုးငွေ သိန်း ၂၀၀ကျော်ကို လှူဒါန်းနိုင်ခဲ့ပြီး နှစ်စဉ်ဝါဆိုဦးကာလတွင် ဆက်လက် လှူဒါန်းသွားမည် ဖြစ်ပါကြောင်း။

၎င်းအပြင် ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များသို့ သွားရောက်၍ အကျဉ်းသားများအတွက် ဆေးဝါးနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းခြင်းနှင့် အကျဉ်းသားများအား ၎င်းတို့၏ မိသားစုများနှင့် အဆက်အသွယ်ရရှိစေရန်အတွက် စာပေးစာယူကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် လူထုကျန်းမာရေးစောင့်ရှောက်မှု လူမှုရေးလုပ်ငန်းတစ်ရပ် အနေဖြင့် ပြည်နယ်အတွင်းရှိ အသင်းအဆင့်ဆင့်၌ သွေးလှူရှင်အသင်းများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ထားပြီး ဖွဲ့စည်းထားသည့် သွေးလှူရှင်အသင်းများက ယခု ၂၀၀၆ခုနှစ်အတွင်း သွေးလှူဒါန်းမှု အကြိမ်ပေါင်းမှာ ၁၀၁၅ကြိမ်ဖြစ်ကြောင်း၊



**ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည် ဖော်နိုင်မှုအခြေအနေများကို ရှမ်း ပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နန်း နွမ်းမို တင်ပြစဉ်။**
(သတင်းစဉ်)

နယ်လှည့်ကျန်းမာရေး အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျေးရွာများအရောက် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၅-၂၀၀၆ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အတွက် ငွေကျပ်စုစုပေါင်း ၁၂၁သိန်း လေးသောင်းလေးထောင်ကျော် အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးအတွက် အသင်း႑ာနချုပ်မှပံ့ပိုးသော အရင်းမပျောက် မတည်ငွေကျပ် သိန်း ၁၀၀ဖြင့် မြို့နယ်ခြောက်မြို့နယ်ရှိ ကျေးရွာအုပ်စု ၁၀အုပ်စုအတွင်း လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြို့နယ်အသင်းများ၏ စည်းရုံးဆောင်ရွက်နိုင်မှုဖြင့် ကျေးလက်ဒေသများတွင် တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်များကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခုအစီရင်ခံသည့် ကာလအထိ အလတ်စား ရေအားလျှပ်စစ် ၅၀၊ အသေးစား ရေအားလျှပ်စစ် ၂၂၀ တို့ကို တည်ထောင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း၊ ၎င်းအပြင် စာသင်ခုံချို့တဲ့သော စာသင်ကျောင်းများအတွက် မြို့နယ်၂၁ မြို့နယ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စာသင်ခုံ လှူဒါန်းမှုများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

ထို့အပြင် ပညာရေး၊ကျန်းမာရေး၊ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အရင်းမပျောက် မတည်ငွေများကို ခရိုင်နှင့်မြို့နယ်အသင်းများ အားလုံးသို့ စုစုပေါင်း ၃၁၅သိန်းငါးသောင်းကိုလည်း မတည်ပံ့ပိုးပေးနိုင်ခဲ့ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ပြည်သူများ ဗဟုသုတတိုးပွားစေရေးအတွက် ကျေးလက်စာကြည့်တိုက်ပေါင်း ၃၀၇၂ခုကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး႑ာနနှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ပြီး စာအုပ်စာတမ်းများကိုလည်း လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

## ဆုများချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ဗဟိုအသင်းက ချမှတ်ပေးသော တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးစည်းရုံးဆောင်ရွက်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အိမ်ခြံဝိုင်းအတွင်းမှ ဝင်ငွေရရှိရေး၊ လယ်ယာကန်သင်းမှ ဝင်ငွေရရှိရေး၊ လယ်ယာမြေအတွင်း တိုးတက်ထုတ်လုပ်ခြင်းမှ ဝင်ငွေပိုမိုတိုးတက်ရရှိရေး၊ ကျေးရွာပညာရေး၊ ကျန်းမာရေး၊ သာရေးနာရေး၊ လူမှုရေးရန်ပုံငွေအတွက် ပျိုးဥယျာဉ်စိုက်ခင်းထူထောင်ခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အပေါ် အခြေခံပြီး စံပြကျေးရွာများထူထောင်ခြင်းများကို စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင်လည်း စံပြကျေးရွာများ ထူထောင်နိုင်သည့် မြို့နယ်များကို ဆုများ ချီးမြှင့်နိုင်ခဲ့ကြောင်း။

## စိုက်ပျိုး

ခြစည်းရိုး ကြက်ဆူပင်စိုက်ခင်းများကိုလည်း ထူထောင်စိုက်ပျိုးလျက်ရှိရာ အသင်းအဆင့်ဆင့်မှ စိုက်ပျိုးပြီးသည့် ခြံစည်းရိုးကြက်ဆူပင်ဧက စုစုပေါင်း ၁၆၄ဧကတွင် အပင်ပေါင်း ၁၉၆၈၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း။

## သော့ချက်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ သော့ချက်ဖြစ်သော ပညာရေးကဏ္ဍဖွံ့ဖြိုးရေး၊ လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်စေရန် မိမိတို့ကျရာ တာဝန်များကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသည်။ **(သတင်းစဉ်)**

# ပြည်သူလူထုအခြေပြုရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး အိမ်တိုင်ရာရောက်ဆောင်ရွက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၄

**နိုဝင်ဘာ ၄ ရက် မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့် တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦး တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြင့်ဦးက တင်ပြရာတွင် ရန်ကုန်တိုင်း အသင်းအနေဖြင့် ၂၀၀၅ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးက ချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အသင်းကြီး၏ ဦးတည်ချက်(၇)ရပ် အောင်မြင်ရေး၊ အသင်းကြီး၏အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျာထားသည့်လုပ်ငန်းအစီအစဉ်များ အောင်မြင်ရေး၊ ရန်ကုန်တိုင်း၏ စည်းရုံးရေးစီမံချက်ပါလုပ်ငန်းစဉ်(၁၀)ရပ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး စသည့် ရည်မှန်းချက်များနှင့်အညီ ပြည်သူလူထု၏ လက်တွေ့နယ်ပယ်တွင် လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

## ဆောက်လုပ်လှူဒါန်း

ပညာရေးတိုးတက်မှုလုပ်ငန်းများအနေဖြင့် ကျောင်းဆောင်သစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းလှူဒါန်းခြင်း၊ ဥပဓိရုပ်မကောင်းသော ကျောင်းများကို ပြန်လည်မွမ်းမံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များ ပူးပေါင်း၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးကျေးရွာနှင့် ထန်းတပင်မြို့နယ် ကတွယ်ကျေးရွာတို့၌ စုစုပေါင်း ငွေကျပ် ၅၉၉သိန်းကျော် တန်ဖိုးရှိကျောင်းဆောင်သစ်နှစ်ဆောင်ကို အသစ်ဆောက်လုပ်လှူဒါန်းပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာတွင်လည်း ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ မူလတန်းကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးနိုင်ခဲ့ကြောင်း။

## ကျောင်းအပ်နှံပေး

ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်အသင်းရုံးခြောက်ရုံးတွင် ပညာဒါနသင်တန်းများဖွင့်လှစ်၍ အခြေခံပညာအထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၂၀၀ကျော်တို့အား ပညာသင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက်လည်း ချို့တဲ့သော ကျောင်းသားကျောင်းသူ ၁၁၂၈၇၄ဦးအား ကျောင်းအပ်နှံပေးနိုင်ခဲ့ကြောင်း။

အထူးသဖြင့် ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များ၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်တိုင်းအတွင်းရှိ ကျောင်းသားကျောင်းသူတိုင်း စာသင်ခုံဖြင့် ပညာသင်ယူနိုင်ရေးကို ဦးတည်၍ ၂၀၀၆ခုနှစ် ဇူလိုင်လမှစ၍ အသေးစားပရိဘောဂ စက်ရုံ တည်ထောင်ပြီး စာသင်ခုံများ လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခု ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် လေးယောက်တွဲ စာသင်ခုံအစုံ ၂၈၄၄စုံ ပြုလုပ်လှူဒါန်းခဲ့သည့်အပြင် စာအုပ်၁၁၂၄ ဒါဇင်၊ ပုံနှိပ်စာအုပ် ဒါဇင် ၁၀၀၊ ခဲတံ ဒါဇင်၂၃၀၊ ကျောင်းဝတ်စုံ ၆၀၀ စုစုပေါင်း ငွေကျပ် ၂၄၄၈၃၂၀ တန်ဖိုးရှိ စာရေးကိရိယာနှင့် အဝတ်အထည်များ လှူဒါန်းနိုင်ခဲ့ကြောင်း။

ထို့အပြင် ရန်ကုန်တိုင်းအတွင်းရှိ တက္ကသိုလ်နှင့် ကောလိပ်များအနက် ကျောင်းသားဦးရေများပြားသော ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်ကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အရှေ့ပိုင်းတက္ကသိုလ်၌ အားကစားပြိုင်ပွဲတွင် ဆုချီးမြှင့်ငွေကျပ်နှစ်သိန်းကိုလည်းကောင်း၊ အနောက်ပိုင်းတက္ကသိုလ် စာကြည့်တိုက်အတွက် လိုအပ်သည့် ဘာသာရပ်ဆိုင်ရာ စာအုပ် ၁၈မျိုး ကျသင့်ငွေ ကျပ်၆၂၀၀၀၀ကျော်ဖိုးနှင့် အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ သဃ်န်းကျွန်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့တွင် ကွန်ပျူတာနှစ်စုံစီကိုလည်းကောင်း၊ ရန်ကုန်သူနာပြုတက္ကသိုလ်နှင့် ရန်ကင်းပညာရေးကောလိပ်တို့တွင် အလှူငွေကျပ်ငါးသိန်းစီကိုလည်းကောင်း ဖြည့်ဆည်းလှူဒါန်းခဲ့ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)များ၏ ဦးဆောင်ပံ့ပိုးမှုများဖြင့် ရန်ကုန်တိုင်းအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တာဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာဆောက်လုပ်လှူဒါန်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများ၊ ခြင်ဆေး ဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်အသီးသီးတွင် ရပ်ကွက်နှင့်ကျေးရွာပေါင်း ၄၇၃ကျေးရွာ၊ လမ်း ၁၂လမ်း၊ ကျောင်း ၆၂၅ကျောင်းအပြင် အခြား ၁၄၇နေရာတွင် အကြိမ်ပေါင်း ၁၂၄၇ကြိမ် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်အသီးသီးတွင် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်း ယခင်နှစ်က ၆၀ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁၂ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါကြောင်း။

## အိမ်တိုင်ရာရောက်

ထို့ပြင် အေအိုင်ဒီအက်စ်၊ တီဘီနှင့် အခြားနာတာရှည်ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဒလမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ် စသည့် စီမံချက်ဝင်မြို့နယ်များတွင် ပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများကိုလည်း အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

## ထောက်ပံ့

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အင်းစိန်အကျဉ်းထောင်တွင် အကျဉ်းကျနေသူများအား ပထမအကြိမ်တွင် ငွေကျပ်သုံးသိန်းကျော် တန်ဖိုးရှိ ဆေးဝါးများကိုလည်းကောင်း၊ ဒုတိယအကြိမ်တွင် ငွေကျပ်လေးသိန်းကျော်တန်ဖိုးရှိ ရေသန့်ဘူးကြီး ၁၀၀နှင့် အားကစားပစ္စည်းများကိုလည်း သွားရောက် ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အသင်းနာယကကြီး၏ လမ်းညွှန်မိန့်မှာချက်များနှင့် အသင်းကြီးကချမှတ်သည့် ရှေ့လုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ကတိပြု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် တင်ပြသည်။ **(သတင်းစဉ်)**

❐ ရှေ့ဖုံးမှ

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ (၈၆)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဘိုဝင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နေပြည်တော် အမှတ်(၁)နှင့် အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်းတို့မှ ကျောင်းသားကျောင်းသူ များက 'ပြည်မြန်မာ'သီချင်းကို သီဆို၍ ဖွင့်လှစ်ကြသည်။

### ဖတ်ကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးအောင်နိုင်က ဖတ်ကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက (၈၆) နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၌ ဆုရရှိကြသော ကျောင်းသားကျောင်းသူများအား ဆုများကို ချီးမြှင့်သည်။

### အထက(၁)ပျဉ်းမနား

ယင်းနောက် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက 'ဇာတိမာန်' သီချင်းကို သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။





## သဝဏ်လွှာဖတ်ကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးအောင်နိုင်က ဖတ်ကြားစဉ်။** (သတင်းစဉ်)

အလားတူ (၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို နံနက် ၉နာရီခွဲတွင် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြို့မရွှေရတုခန်းမ၌ ကျင်းပရာ (၈၆) နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက် မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

### အထက(၁)လယ်ဝေး

ရှေးဦးစွာအခမ်းအနားကိုလယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'ပြည်မြန်မာ' သီချင်းဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က ဖတ်ကြားသည်။

ဆက်လက်၍ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက (၈၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲများတွင်ဆုရရှိကြသော လယ်ဝေးမြို့နယ် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် လယ်ဝေးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသားများက 'ဇာတိမာန်'သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့အတူ(၈၆)နှစ်မြောက်အမျိုးသားနေ့ အခမ်းအနားကို နံနက်၉နာရီခွဲတွင် တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ (၈၆) နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ တွဲဖက်အတွင်းရေးမှူး အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ် ပညာရေးမှူးနှင့်ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### အထက(၂)တပ်ကုန်း

ရှေးဦးစွာအခမ်းအနားကိုတပ်ကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ပြည်မြန်မာ'** သီချင်းဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၈၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ဖတ်ကြားသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဗဟိုကော်မတီ အတွင်းရေးမှူးညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများက (၈၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

### သီဆို

ယင်းနောက် တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ဇာတိမာန်'**သီချင်းကို သီဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကျင်းပ



(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ ကျင်းပစဉ်။ (၁၈၀)



(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျင်းပစဉ်။ (၄၀၀)



(၈၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပစဉ်။ (၁၉၂)

## ဂျီရှင်းကုမ္ပဏီမှ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့်ဆေးရည်များအကြောင်း ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၁၄**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) Academic Committee၏ ပံ့ပိုးကူညီမှုဖြင့် ဂျီရှင်းကုမ္ပဏီလီမိတက်က ဦးစီး၍ဓာတ်ခွဲ ခန်းသုံး ပစ္စည်းများနှင့်ဆေးရည်များအကြောင်း ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၁ရက်ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ကျင်းပရာ ရောဂါဗေဒဆရာဝန်ကြီး ပါမောက္ခဒေါက်တာဇေယျာထွန်း၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဆရာဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ ဆေးရုံများ၊ တပ်မတော်ဆေးရုံကြီးများနှင့် ဆေးခန်းကြီးများမှ ပါမောက္ခများနှင့် ဆရာဝန်ကြီးများ တက်ရောက်ကြသည်။

### ရှင်းလင်းဆွေးနွေး

ရှင်းလင်းပွဲတွင် ရောဂါဗေဒဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဇေယျာထွန်းက အမှာစကား ပြောကြားပြီး **(အောက်ပုံ)** Human (Germany)မှ International Training Manager,Mr. Jurg Beldi က Human Products များ အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**



# ကမ္ဘာတစ်လွှား အားကစား

## စီးရီးအေပွဲစဉ်များ အကြိတ်အနယ်ယှဉ်ပြိုင် အင်တာမီလန်နှင့်ပါလာမို အမှတ်တူဖြင့်ဦးဆောင်နေ

ရောမ နိုဝင်ဘာ ၁၃

**အီတလီစီးရီးအေပွဲစဉ်(၁၁)ပြိုင်ပွဲများကို နိုဝင်ဘာ ၁၂ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပါလာမိုအသင်းကတိုရီနိုအသင်းကို အိမ်ကွင်း၌ သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးဇယား ထိပ်ဆုံးနေရာသို့ တက်လာသည်။**

ရေးသားတင်ပြသူ
မြင့်မောင်စိုး

### ပါလာမို–တိုရီနို

ပါလာမို အသင်းသည် ယခုနှစ် အီတလီစီးရီးအေ၌ ခြေစွမ်းပြနေသော အသင်းဖြစ်သည်။ ပါလာမိုတို့ အိမ်ကွင်းအားသာချက်ဖြင့် တိုရီနိုအသင်းအား ပွဲအစပိုင်းတွင် ဖိကစားနိုင်ခဲ့သည်။ သို့သော်လည်း ပထမပိုင်းပြီးရန် နှစ်မိနစ်အလိုတွင် ကိုရင်နီက ပါလာမိုအတွက် ဖွင့်ဆော်ဦးဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းပြန်စချိန်တွင် ပါလာမိုက ဆက်လက်ထိန်းချုပ် ကစားခဲ့ရာ ပွဲချိန် ၆၉မိနစ်တွင် ဒိုင်မိုက်ကယ်က တစ်ဂိုး၊ အမော်ရီက တစ်ဂိုးသွင်းယူခဲ့၍ ပွဲအပြီး ပါလာမိုက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပါလာမိုအသင်းသည် စီးရီးအေ ၁၁ပွဲကစားအပြီး ကိုးပွဲနိုင်၊နှစ်ပွဲရှုံး ၂၇မှတ်ဖြင့် အင်တာမီလန်နှင့်အတူ အမှတ်တူဖြင့် ဦးဆောင်နေသည်။

### လာဇီယို–အူဒီးနိစ်

လာဇီယို အသင်းသည် အီတလီစီးရီးအေတွင် လုပ်ပွဲကစားရာတွင် ပါဝင်ပတ်သက်ခဲ့၍ အမှတ်လျှော့အပြစ်ပေးခံထားရသော်လည်း အူဒီးနိစ်နှင့် ယှဉ်ပြိုင်ကစားရာတွင် ငါးဂိုး–ဂိုးမရှိ သွင်းယူပြနိုင်ခဲ့သည်။

လာဇီယိုအတွက် ဂိုးများကို ရော့ချီက နှစ်ဂိုး၊ မော်ရီကနှစ်ဂိုး၊ အော့ဒိုးက တစ်ဂိုးသွင်းယူခဲ့သည်။

လာဇီယို အသင်းသည် ယခုနှစ် စီးရီးအေပြိုင်ပွဲတွင် လေးပွဲနိုင်၊ သုံးပွဲသရေ၊လေးပွဲရှုံးနိမ့်ထားသည်။ လာဇီယိုအသင်းသည် လုပ်ပွဲကစားခဲ့၍ ရမှတ်သုံးမှတ် အဖြတ်ခံထားရသည်။

### ဆီနာ–ရက်ဂျီးနား

လုပ်ပွဲကစားရာတွင် ပါဝင်ပတ်သက်သည့် ဆီနာအသင်းကို ရက်ဂျီးနားအသင်းက ဘိုင်ယန်ချီ၏ ပယ်နယ်တီဂိုးဖြင့် အနိုင်ရလိုက်သည်။ ဆီနာအသင်းသည်လည်း လုပ်ပွဲတွင် ပါဝင်ခဲ့၍ တစ်မှတ်အလျှော့ခံထားရသည်။ သို့သော်လည်း ဆီနာအသင်းသည် စီးရီးအေ ၁၁ပွဲကစားအပြီးလေးပွဲနိုင်၊ ငါးပွဲသရေ၊နှစ်ပွဲရှုံးထားပြီး အမှတ်ပေးဇယားတွင် စတုတ္ထနေရာ၌ ရှိနေသည်။

### မက်ဆီနာ–ကာဂလီယာရီ

မက်ဆီနာအသင်းနှင့် ကာဂလီယာရီအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက် နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။

**ပါလာမိုမှ ရောဘတ်တိုဂွာနာ (ဝဲ)နှင့် တိုရီနိုမှ ရိုဆီနာတို့ ဤသို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။**
(ဓာတ်ပုံ–အင်တာနက်)



### ဆမ်ဒိုးရီးယားနိုင်

ဆမ်ဒိုးရီးယား အသင်းသည် အိမ်ကွင်း၌ ချေယေးဗိုအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ဆမ်ဒိုးရီးယားအသင်းသည် စီးရီးအေ ၁၁ပွဲကစားအပြီး သုံးပွဲနိုင်၊ လေးပွဲသရေ လေးပွဲရှုံးထားသည်။

### ထိပ်တန်းပြိုင်ဘက်

ယခုနှစ်အီတလီစီးရီးအေပြိုင်ပွဲ ၁၁ပွဲကစားအပြီး အင်တာမီလန်၊ ပါလာမိုနှင့် ရိုးမားအသင်းတို့သည် ထိပ်တန်းပြိုင်ဘက်များဖြစ်လာကြသည်။

အင်တာမီလန် အသင်းသည် ဂိုးကွာခြားချက်ဖြင့် ပါလာမို အသင်းကို ဦးဆောင်နေသည်။ ပါလာမို အသင်းသည်လည်း အင်တာမီလန် နည်းတူ အမှတ်တူဖြင့် ဒုတိယနေရာမှ ဦးဆောင်နေသည်။

ရိုးမားအသင်းသည်လည်း ၁၁ ပွဲတွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး တတိယနေရာတွင်ရှိနေသည်။ အင်တာမီလန်၊ ပါလာမိုနှင့် ရိုးမား တို့သည် ထိပ်တန်းပြိုင်ဘက်များဖြစ်လာကြသည်။

### အခြားပွဲရလဒ်များ

**အက်စ်ကိုလီ ၀ – ၁ အမ်ပိုလီ**
**ကာတန်နီယာ ၃ – ၂ လီဗော်နို။**

(အင်တာနက်)



**ဘောလုံးယှဉ်လု**

**လာဇီယိုမှ မက်ဆီမို (ဝဲ) နှင့် အူဒီးနိစ်မှ ဇီနိုနီတို့ ဤသို့ဘောလုံးယှဉ်လုခဲ့ကြသည်။**
(ဓာတ်ပုံ–အင်တာနက်)

## စပိန်လာလီဂါ ရီးရဲမက်ဒရစ်တတိယနေရာရောက်လာ နစ္စတယ်ရွိုင်း ခြေစွမ်းပြ လေးဂိုးသွင်းနိုင်

မက်ဒရစ် နိုဝင်ဘာ ၁၃

**စပိန်လာလီဂါ ဘောလုံးပွဲစဉ် (၁၀)ကို နိုဝင်ဘာ ၁၂ရက်က ဆက်လက်ကစားရာ ရီးရဲမက်ဒရစ်က အဝေးကွင်း၌ အိုဆာဆူနာကို နိုင်ပြီး ဘာစီလိုနာကလည်း အိမ်ကွင်း၌ ရီးရဲဇာရာဂိုဇာကို အနိုင်ရရှိခဲ့ကြသည်။**



### အိုဆာဆူနာနှင့် ရီးရဲမက်ဒရစ်

အိမ်ကွင်းထက် အဝေးကွင်းနိုင်ပွဲ ဆက်နေသော ရီးရဲမက်ဒရစ်သည် အိုဆာဆူနာကို နစ္စတယ်ရွိုင်းတစ်ဦးတည်းသွင်းဂိုးများဖြင့် နိုင်ပွဲရရှိခဲ့သည်။ ရီးရဲမက်ဒရစ်သည် အိမ်ကွင်းရလဒ် မကောင်းသဖြင့် ဖိအားပေးခံနေရသည် ဖြစ်ရာ ယခုပွဲ၌ နစ္စတယ်ရွိုင်း၊ ရာအူးလ်နှင့် ရော်ဘင်ဟိုတို့ တိုက်စစ်အတွဲကို သုံးကာ ၄–၃–၃ ပုံစံဖြင့် ကစားခဲ့သည်။

### မှတ်တမ်းတင်နိုင်

ရီးရဲမက်ဒရစ်သည် ကွင်းလယ်မှ ဂူတီ၊ အီမာဆင်၊ ဒီယာရာတို့က ဘောလုံးဖြန့်ပေးမှုထိရောက်ခဲ့သဖြင့် ပွဲချိန် ၁၂ မိနစ်၌ တိုက်စစ်မှူး နစ္စတယ်ရွိုင်းက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ရီးရဲမက်ဒရစ်တို့က ဆက်တိုက် ဖိကစားခဲ့ရာပွဲချိန်၂၇မိနစ်၊ ၄၄ မိနစ်နှင့်၈၄မိနစ်တို့တွင် နစ္စတယ်ရွိုင်းတစ်ဦးတည်းက သုံးဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် ရီးရဲမက်ဒရစ်သမိုင်းတွင် တစ်ဦးတည်း လေးဂိုးသွင်းသူမှာ နစ္စတယ်ရွိုင်းအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

### ရှုံးနိမ့်ခဲ့ရ

အိုဆာဆူနာအတွက် ချေပဂိုးကို ပွဲချိန်၆၄မိနစ်၌ ကွင်းလယ်ကစားသမား ဗယ်ဒိုက သွင်းယူပေးခဲ့သဖြင့် အိုဆာဆူနာတို့ အိမ်ကွင်း၌ လေးဂိုး–တစ်ဂိုးဖြစ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်သည် ယခုပွဲ အနိုင်ရရှိသဖြင့် ၁၀ပွဲကစား ခြောက်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် အမှတ် ၂၀ရရှိကာ တန်းစီဇယား တတိယနေရာသို့ ရောက်လာသည်။ အိုဆာဆူနာမှာ ၁၀ပွဲကစားပြီး ၁၇နေရာတွင် ရှိနေသည်။

### ဘာစီလိုနာနှင့်ရီးရဲဇာရာဂိုဇာ

ဘာစီလိုနာသည် အိမ်ကွင်းရှုံးပွဲ မရှိစံချိန်ကို ဆက်လက် ထိန်းသွားနိုင်ခဲ့သည်။ ဘာစီလိုနာတို့တိုက်စစ်အတွဲကို မက်ဆီ၊ ဂတ်ဂျွန်ဆင်၊ ရော်နယ်ဒင်ဟိုတို့ဖြင့် တွဲသုံးထားပြီး ၄–၃–၃ ပုံစံဖြင့် ခင်းကျင်းကစားခဲ့သည်။ ရီးရဲဇာရာဂိုဇာကမူ ၄–၄–၂ပုံစံဖြင့် တိုက်စစ်တွင် မီလီတိုနှင့် အီဝါသွန်တို့ ထားကစားစေခဲ့သော်လည်း ဘာစီလိုနာတို့က ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားခဲ့သည်။

**ဘာစီလိုနာနှင့် ရီးရဲဇာရာဂိုဇာတို့ ပွဲတွင် ဘာစီလိုနာမှ ဇမ်ဘရော့တာ (ယာ) ဘောလုံးဟန့်တားစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

### သွင်းယူပေးခဲ့

ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ရော်နယ်ဒင်ဟိုက ပွဲချိန်၃၁မိနစ်တွင် တစ်ဂိုးနှင့် ၈၆မိနစ်တွင်တစ်ဂိုးသွင်းယူပေးပြီး တတိယဂိုးကို ပွဲချိန် မိနစ်၉၀၌ ဆာဗီရိုလာက တစ်ဂိုးသွင်းယူခဲ့သည်။ ဇာရာဂိုဇာအတွက် တစ်လုံးတည်းသော ဂိုးကို ပွဲချိန် ၁၇မိနစ်၌ တိုက်စစ်မှူး မီလီတိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

### ထိပ်ဆုံးသို့ရောက်

ယခုပွဲအနိုင်ရရှိသဖြင့် ဘာစီလိုနာတို့ ၁၀ပွဲကစား၊ ခုနစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ၂၃မှတ်ရရှိကာ တန်းစီဇယားထိပ်ဆုံးနေရာသို့ရောက်လာသည်။

**အိုဆာဆူနာနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ်မှ နစ္စတယ်ရွိုင်း(ဝဲ) ခြေစွမ်းပြထိုးဖောက်ကစားဟန်။** (ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

### ရီးရဲဘက်တစ်နှင့်လီဗန်တေး

တန်းဆင်းဇုန်အတွင်း ရောက်နေသော ရီးရဲဘက်တစ်က လီဗန်တေးကို အနိုင်ကစားနိုင်ခဲ့သည်။ ရီးရဲဘက်တစ်အတွက်အဖွင့်ဂိုးကိုပွဲချိန်ခြောက်မိနစ်မှာပင် အီတူးကသွင်းယူပေးခဲ့ပြီး လီဗန်တေး၏ ချေပဂိုးကို ပွဲချိန် ၆၃မိနစ်၌ မူစတာဖာက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ မိနစ် ၉၀တွင် ဂျီဆုကာပီက ရီးရဲဘက်တစ်အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

### ရှုံးပွဲကြုံတွေ့

လီဗန်တေးသည် အဝေးကွင်း၌ ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ရီးရဲဘက်တစ်သည် ၁၀ပွဲကစားအပြီး ၁၂မှတ်ရရှိကာ အဆင့်၁၃နေရာ၌ ရောက်နေသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **ဆဲလ်တာဗီဂို** | **၁ – ၂** | **ရီခရီရေတီဗို** |
| **ဂီတာဖေး** | **၁ – ၀** | **မာလော့ကာ** |
| **ရီးရဲဆိုစီဒက်** | **၁ – ၁** | **အက်စ်ပန်ညို** |
| **ရေးဆင်း** | **၀ – ၀** | **အက်ဖ်စီဆီဗီလာ။** |

(အင်တာနက်)





# အခွန်ဆိုင်ရာသိကောင်းစရာ ဟင်္သာတ၌ ဆွေးနွေး

ဟင်္သာတ နိုဝင်ဘာ ၁၂

**ဟင်္သာတမြို့နယ် အခွန်ဦးစီးဌာနကကျင်းပသည့် အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၈ရက်က ဟင်္သာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းအခွန်ဦးစီးဌာနမှူး ဦးဉာဏ်မြင့်က အခွန်ကောက်ခံရခြင်း ရည်ရွယ်ချက်များနှင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးမှူး ဦးမြင့်စန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးတင်ရှိန်တို့က ပြည်တွင်းအခွန်များဦးစီးဌာနမှကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာသိကောင်းစရာများ အကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(အခွန်ဦးစီး)**

## ပေါင်းမြက်များရှင်း မြေသြဇာကျွေး

**မူဆယ် နိုဝင်ဘာ ၄**

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းအိမ်ရာဝင်းအတွင်း စိုက်ပျိုးထားသော မီးဖိုချောင်သုံး သီးပင်၊ စားပင်များကို အောက်တိုဘာ ၂၉ ရက်က လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဦး ဦးဆောင်၍ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ မြေသြဇာများ ကျွေးခြင်းတို့ကို ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာကြက်ဆူကေ ၅၀ စိုက်ခင်းတွင် အမှုဆောင်အရာရှိ ဦးကိုကို၊ အင်ဂျင်နီယာမှူး ဦးကျော်မြင့်နှင့် အဖွဲ့ဝန်ထမ်းများ ခြံစည်းရိုး ကြက်ဆူပျိုးပင်များ စိုက်ပျိုးရာသို့ နိုဝင်ဘာ ၃ ရက်က စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင် ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# တောင်ငူခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဆင်း

**တောင်ငူ နိုဝင်ဘာ ၈**

ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်း စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၂/၂၀၀၆) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၈ ရက်က တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းလက်ထောက် ညွှန်ကြားရေးမှူးဦးသန့်ဇင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ရှစ်မြို့နယ်တို့မှ သင်တန်းသား၊ သင်တန်းသူ ၂၉ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၃၇၂)**





# အုတ်ခုံခံတံတား ဆောက်လုပ်မည့်နေရာ တိုင်းတာသတ်မှတ်

**မြစ်ကြီးနား နိုဝင်ဘာ ၆**

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးသည် အောက်တိုဘာ ၂၈ရက်က အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့်အတူ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည့် မြစ်ကြီးနားမြို့နှင့် နောင်ပုံကျေးရွာ ဆက်သွယ်သောလမ်းပေါ်တွင် အုတ်ခုံခံ သစ်သားတံတားဆောက်လုပ်မည့်နေရာနှင့် ပစ္စည်းများ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေး၍ တိုင်းတာသတ်မှတ်ကြသည်။

အဆိုပါ မြို့နှင့် ကျေးရွာဆက် လမ်းပေါ်ရှိ တံတားဆောက်လုပ်ပြီးပါက မြို့နှင့်ကျေးရွာ ဆက်သွယ်သွားလာမှု ပိုမိုမြန်ဆန်ကောင်းမွန်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

**ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၁၃-ခ)သစ်တောကွင်းဦးပိုင်အမှတ်(၁၃/၁) ဧရိယာ ၃ ဒသမ ၂၄ ဧကရှိ တောင်သူဦးသန်းထွန်း၏ ဆင်းသွယ်လတ်မျိုးစပါးကို နိုဝင်ဘာ ၁ ရက်က သာယာဝတီခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်အေး၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးသိန်းမြင့်တို့ ကြီးကြပ်လျက် မြေစာရင်းဝန်ထမ်းများ စံကွက်ရိတ်သိမ်းမှုကို ကြည့်ရှုကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



# မော်ကျွန်း ရတနာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း ရေရှည်တည်တံ့ရေးနှင့် အောင်မြင်ရှင်သန်ရေးဆွေးနွေး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၈

**မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အောင်မြင်ရှင်သန်ရေးအတွက် ကွင်းဆင်းဆွေးနွေးဟောပြောပွဲနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့နယ် နွားရေကျော် ညောင်လန်းကျေးရွာအုပ်စု ကညင်ခဲကျေးရွာ မူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။**

ဟောပြောပွဲတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိန်ဝင်းက စာကြည့်တိုက်များ ထိန်းသိမ်းစောင့်ရှောက်ရမည့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်ကြည်နှင့် ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အောင်မြင်ရှင်သန်ရေးလုပ်ငန်းများကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကညင်ခဲကျေးရွာ ရတနာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းသည်။**(အောက်ပုံ)** ယင်းနောက် ကျေးလက် ပြည်သူများ စာပေဖတ်ရှုခြင်းနှင့် စာအုပ်ငှားရမ်းမှုများကို ကြည့်ရှုလေ့လာ ကြသည်။ **(၀၉၇)**

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်**
**၁၆-၁၁-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်ဆုရသူများနှင့်ဆွေးနွေးခန်း) (အပိုင်း-၃)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တို့များရဲ့နေနည်းချမ်းသာ (ဦးကျော်ဇေယျ)
(၂) အတွေးချိုချိုဆောင်းပါးများနှင့် သူတို့အမြင် (မင်းရိုးယဉ်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (အသက်အရွယ်ကို အုပ်စုခွဲခြင်း) (မောင်ဆုရှင်)
၁၂း၃၀ အစာနှင့်အာဟာရ (ဆိတ်စွပ်နှင့် ကီးမားပလာတာ)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာအစီအစဉ်
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ပဝါတားလို့ကမ္ဘာခြားလိုက်ပြီ (ကေတုဝင်းထွတ်)
(၂) ကမ္ဘာခြားသည့်အနီးဆုံးနှလုံးသား (နှင်းရည်သန့်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အပြောနဲ့ အလုပ်)
၁၉း၄၀ ခေတ်မရွေးသော တေးများ
(၁) အမုန်းတိုင်လေး စိုက်ထားတယ် (ညိုမြလေး)
(၂) ရွက်ကြမ်းရေကျို (မြင့်မြင့်စိန်)
(၃) ဒို့များအရွယ်ညောင်းခဲ့ရင် (ဂီတာ ကိုသာစိန်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရဲဝံ့တဲ့ အချစ်ပါမောင် (မဥ္ဇူမြင့်)
(၂) ခရေကုံးလေးကြိုးပြတ်သွားပြီ (ကျော်လှဝင်း)
(၃) ဆောင်းနှင်းပမာ မောင့်မေတ္တာ (ဒလခင်ထွေးရီ)

# ကျောက်ပန်းတောင်းမြို့၌ ကထိန်လျာသင်္ကန်းဆက်ကပ်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၅**

ကျောက်ပန်းတောင်းမြို့ မဟာအောင်မြေစာသင်တိုက်နှင့် ဓမ္မရိပ်သာတို့၏ ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ပြည်တွင်း၊ပြည်ပသာသနာပြု အလိုတော်ပြည့် ဒေါက်တာ အရှင်အရိယဝံသ ဆရာတော်၏ ဓမ္မရိပ်သာတိုက်ခွဲ မိတ္ထီလာမြို့ အောင်မြေ ဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်၌ ပုရိမဝါမှ ထမြောက်တော်မူကြကုန်သော သံဃာတော် အရှင်သူမြတ်တို့အား ဘုံကထိန်လျာသင်္ကန်းလှူပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ရက်တွင် အလိုတော်ပြည့်ကျောင်းဓမ္မာရုံ၌ကျင်းပသည်။

**ပရိတ်တရားနာယူ**

အခမ်းအနားသို့ မိတ္ထီလာ အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တပညာသာရ အမှူးပြုသော သံဃာတော်အပါး ၄၀ ကြွရောက်တော်မူ၍ ကထိန်အလှူဒါယကာများဖြစ်ကြသော မိတ္ထီလာမြို့ မြို့မဈေးကြီး ရုံအမှတ်(၂၀)ဈေးသူ ဈေးသားများ နှင့်ဒါယကာ၊ ဒါယိကာမများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် မိတ္ထီလာမြို့ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တပညာသာရ (နယ်လှည့် ဓမ္မကထိက) ထံမှ ငါးပါးသီလခံယူကြပြီး သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြသည်။

**ဆက်ကပ်**

ထို့နောက် အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်ထံ ကထိန်လျာ ဥတ်သင်္ကန်း၊ ကျောင်းတိုက်အတွင်းရှိ အနန္တသုခယောဂီကျောင်းဆောင်အတွက် ငွေကျပ်၁၇ သိန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၂သိန်းခန့်ရှိဝတ္ထုပစ္စည်းများကို ဆက်ကပ်၍ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။ **(၀၆၁)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**



## မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေးနှင့် ပတ်သက်သော ချိပ်ပိတ်တင်ဒါ ကြော်ငြာ

မအူပင်တက္ကသိုလ် ပထမအကြိမ်ဘွဲ့နှင်းသဘင် ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းအတွက် ချိပ်ပိတ်တင်ဒါခေါ်ယူရန်ရှိပါသည်။ တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံ စည်းကမ်းတစ်စုံလျှင် ၅၀၀၀ိ/–နှုန်းဖြင့်ဝယ်ယူပြီး ၆–၁၂–၂၀၀၆ရက် မွန်းတည့် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါပုံစံများကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန ဖုန်း–၀၄၅–၃၀၁၄၀တွင် စုံစမ်းနိုင်ပါသည်။

**မှတ်ချက်**။ ။ ဤဓာတ်ပုံရိုက်ကူးခွင့်သည် မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် အခမ်းအနားကျင်းပသည့်အခါ ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့်နှင့်သာ သက်ဆိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မအူပင်တက္ကသိုလ်။**





## ပြည်တွင်း၌သာမြန်မာကျပ်ငွေဖြင့်ခန့်ထားရန်

၁။ Chief Accountant (မ) (၁) ဦး
- B.Com, CPAလက်မှတ်ရှိသူ
- လုပ်ငန်းအတွေ့အကြုံ ၅ နှစ်ရှိသူ
- အသက် (၄၅)နှစ်ထက်မကြီးသူ
- အချိန်၊ ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ

၂။ Technical and Marketing Executive (ကျား) (၄) ဦး
- A.G.T.I, B.Tech, B.E (Civil)
- Constructionအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိသူ
- ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ
- Englishအရေး/အပြောအခြေခံရှိသူ

၃။ Operation Assistant (ကျား) (၂) ဦး
- Any Graduate
- အရောင်းမြှင့်တင်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်သူ
- ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်အပြည့်အစုံ၊ ပညာအရည်အချင်းမိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူများ ပူးတွဲလျက် အခန်း(၅)အဆောင်(၅) MICT Park လှိုင်မြို့နယ်သို့ ၂၄–၁၁–၂၀၀၆ ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**
**မိတ္ထီလာခရိုင်တရားရုံး**
**၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၆/၀၆**

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ | နှင့် | ၁။ ဦးအောင်စိန် ၂။ ဒေါ်လုံး |
| **တရားနိုင်** | | **တရားရှုံး** |

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ပြာသိုလဆန်း ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ အကွက်အမှတ် (၁၇/ည–ကျီတော်ကုန်း) ဦးပိုင်အမှတ် (၁၁၁)၊ မြေကွက်အမှတ် (၁၁၁)၊ မြေချိန်ဧရိယာ (၀ဒသမ ၀၇၈)ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ (၂၇x၂၈)ပေရှိ နှစ်ထပ်တိုက်။ (၃၆x၁၈)ပေ ဂိုဒေါင်၊ (၁၀x၈x၄)ပေရှိ ရေစင်၊ (၁၂x၈) ပေရှိ ရေစင်။

**လေလံကြမ်းခင်းဈေး ကျပ်(၆၅)သိန်း။**

**ရောင်းချရန်စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်မေလေးညို**
**(တ/၁၆၁၄)**
**ဒုတိယခရိုင်တရားသူကြီး**
**ခရိုင်တရားရုံး၊ မိတ္ထီလာမြို့။**

## သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်း (ဓာတ်သတ္တုပစ္စည်းရောင်းချရေးဌာနခွဲ)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ အောက်ပါပစ္စည်းများကို ရောင်းချရန်ရှိပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender )ပေးသွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ပစ္စည်းအမျိုးအမည်နှင့်တန်ချိန် | - | Refined Silver (ငွေစင်)(44916.25) Troy Ounce |
| ၂။ | DELIVERY | - | FOB (Yangon) |
| ၃။ | PRICING | - | Pricing to be quoted in Euro only. |
| ၄။ | PAYMENT | - | 100% Full amount by Telegraphic Transfer (T.T)to MFTB, Yangon not Later than (20) days after acceptance of the offer. |
| ၅။ | တင်ဒါပိတ်ရက်နှင့် အချိန် | – | ၅–၁၂–၂၀၀၆ ရက် မွန်းတည့် ၁၂:၀၀ နာရီ |

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ ဝယ်ယူရောင်းချရေးဌာနခွဲ၊ ဖုန်းနံပါတ်၊ ၀၆၇–၄၀၉၃၈၃၊ ၀၆၇–၄၀၉၃၈၁ နှင့် ၀၁–၅၇၇၃၁၀၊ ၀၁–၅၁၂၈၉၆ သို့ ဆက်သွယ်မေးမြန်းပြီး Tender Document များရယူနိုင်ပါသည်။

**အမှတ်(၁) သတ္တုတွင်းလုပ်ငန်း**
**သတ္တုတွင်းဝန်ကြီးဌာန။**

## အကြောင်းကြားပါရန်

ရန်ကုန်တိုင်း သာကေတမြို့နယ် ရွှေခင်းသာရပ်ကွက် ရွှေခင်းသာမြို့ပတ်လမ်း အမှတ် ၁၆၃၀(က)နေ ဦးတန်ဘော်နော် ၁၂/သကတ(နိုင်)၀၁၉၅၆၂ ပိုင် မော်တော်ယာဉ်အမှတ် ၈/၅၉၀(TOYOTA HILUX DOUBLE CUB)၊ ၄က/၂၉၈၄ (နီဆန်းလော်ရယ်)၊ သ/၁၅၅၈(CANTER MITSUBISHI - LIGHT TRUCK) ယာဉ်သုံးစီး၏ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**ဦးတန်ဘော်နော်။**



### အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ–၃၇၃)**
**မွန်ပြည်နယ်တရားရုံး**
**၂၀၀၆ခုနှစ် တရားမအထွေထွေမှုအမှတ် – ၁၇**

(ကွယ်လွန်သူ မောင်စိုးသိန်း၏ အလုပ်သမားလျော်ကြေးငွေထုတ်ယူရန်အတွက် အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးပါရန် အကြောင်း)

၁။ ဦးပလီးယား
၂။ ဒေါ်လေး } **လျှောက်ထားသူများ**

ရွာသစ်တောင်ပိုင်း၊ မော့ကနင်းကျေးရွာ၊ လမိုင်းမြို့နယ်၊ ရေးမြို့နယ်။

ရေးမြို့နယ် လမိုင်းမြို့နယ် မော့ကနင်းကျေးရွာ ရွာသစ်တောင်ပိုင်းနေ ဦးပလီးယားနှင့် ဒေါ်လေးတို့က ကွယ်လွန်သူ မောင်စိုးသိန်း၏မိဘများဖြစ်သည်ဟူ၍ စင်ကာပူနိုင်ငံရှိ မောင်စိုးသိန်းတာဝန်ထမ်းဆောင်သည့်လုပ်ငန်းမှ အလုပ်သမားလျော်ကြေးငွေ U.S.D 37008.84 သို့မဟုတ် ၎င်းငွေကြေးနှင့် ညီမျှသော နိုင်ငံခြားငွေကြေးလဲလှယ်ခွင့် လက်မှတ် FEC 37008.84 သို့မဟုတ် ၎င်းငွေကြေးနှင့် ညီမျှသော မြန်မာငွေကျပ် ၄၈၁၁၄၉၂ (ကျပ်လေးရာရှစ်ဆယ်တစ်သိန်း တစ်သောင်းတစ်ထောင်လေးရာကိုးဆယ်နှစ်ကျပ် တိတိ)ကို ထုတ်ယူနိုင်ရန်အတွက် အမွေဆက်ခံရေးအက်ဥပဒေအရ အမွေဆက်ခံခွင့် လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ဤကြော်ငြာသည်မှာ ကွယ်လွန်သူ မောင်စိုးသိန်း၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၆ခုနှစ် ဒီဇင်ဘာလ ၈ရက် (၁၃၆၈ခုနှစ် နတ်တော်လပြည့်ကျော် ၄ရက်နေ့)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးပလီးယား(ပါ–၂)ဦး၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ် ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အောင်ဝင်း**
**ပြည်နယ်တရားသူကြီး၊ မွန်ပြည်နယ်တရားရုံး။**



**အိန္ဒိယနိုင်ငံ တက္ကသိုလ် (၁၁)ခုတွင် ပညာသင်ကြားနေကြသော အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့အတွက် ရန်ကုန်မြို့ သုဝဏ္ဏ ယင်းမာမြိုင်လမ်း အမှတ်၉၀(က)နေ ဒေါ်လှလှနွယ် ဦးဆောင်သည့် ဓမ္မမိတ်ဆွေများက ပညာရေးထောက်ပံ့အလှူငွေကျပ် ၃၆၆၀၀၀ ကို အရှင်ရာဇိန္ဒ(နာလန္ဒာ)၏ ရှေ့မှောက်၌လှူဒါန်းရာ အကျိုးဆောင် ဒေါက်တာ တင်ထားဝင်းက လက်ခံယူစဉ်။** (က–ပ)

## ရေမြောင်းများ တူးဖော်ဆောင်ရွက်

**ကျိုင်းတုံ အောက်တိုဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ လူငယ်သင်တန်းကျောင်းရှေ့လမ်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် အောက်တိုဘာ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ရေမြောင်းများ တူးဖော်ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။

**(မြို့နယ်စည်ပင်)**

## မီးသတိပြု



**ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်း အမှတ် (၁၂) တိပိဋကကျောင်းတော်တွင် သီတင်းသုံးသော အရှင်ဝိစိတ္တာ လင်္ကာရ၏ သက်တော် (၂၈)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်းရှိ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန၊ကျိုက္ကဆံယာဉ်နှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ တာမွေမြို့နယ်ရှိ ဈေးတာဝန်ခံများ၊ ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဆိုင်ခန်းပိုင်ရှင်များနှင့် ဈေးသူဈေးသားများကို နိုဝင်ဘာ ၉ရက်က တာမွေဈေးဝင်း၌ ခရိုင်မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်သိန်းမြင့်က မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောစဉ်။** (က–ပ)

## ကျေးလက်လမ်းခင်းရန် ကျောက်များစုဆောင်း

**ကျောက်တော် နိုဝင်ဘာ ၅**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျောက်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် သရက်တစ်ပင်–မင်းသားတောင်ကျေးလက်လမ်းပေါ်တွင် လမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို အောက်တိုဘာ၂၂ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာ အေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်စိုးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

## လှူဒါန်း

**မိခင်ကြီး ဒေါ်ခင်ခင်အား ရည်စူး၍ သမီး ဒေါ်လင်မီးချွန် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင်က လက်ခံယူစဉ်။** (က–ပ)



# ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်
# ဖွဲ့စည်းပုံအခြေခံဥပဒေမြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်
# ထိုစာမူသည် ဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် သက်သေအရာတည်စေရမည်
# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်




ရန်ကုန် နိုဝင်ဘာ ၁၄

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၁၃ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဦးထွန်းထွန်းဦးနှင့် ဗိုလ်မှူးချုပ်မြဝင်းတို့၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်–**

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော် ယခုရှင်းလင်းတင်ပြမှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ရာတွင် ပါဝင်မည့် အခန်းများအနက် **“အထွေထွေပြဋ္ဌာန်းချက်များအခန်း”**နဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာ နိုင်ငံ အနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့ သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော် ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော် အချုပ်အခြာ အာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို မည်သို့မည်ပုံ ခွဲဝေကျင့်သုံးမယ်ဆိုတာကို လည်းကောင်း၊ နိုင်ငံတော်က ကျင့်သုံး မယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေ အားလုံးရဲ့ ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေ ရှိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာလဲ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေ အားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကိုလဲ လေ့လာ တွေ့ရှိရပါတယ်။

ဒါကြောင့်

**“ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေ အားလုံး၏ အခြေခံဥပဒေဖြစ်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံကိုယ်စားလှယ်များ သိရှိကြပြီး ဖြစ်တဲ့အတိုင်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် နိုင်ငံတော် အခြေခံမူများကို ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးက ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီ နိုင်ငံတော်အခြေခံမူများ ချမှတ်စဉ်အခါက အထွေထွေပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့မူများအနက်–

**စာမျက်နှာ ၄ ကော်လံ ၁**



**အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)



**အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဝင် ဦးထွန်းထွန်းဦး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)



**အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်း အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြား ချက်ကို ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း**

**ဆောင်းပါးအညွှန်း**

**ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာအောင် ကိုယ်စီကိုယ်င မွေးမြူပျိုးထောင်နေခြင်းသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် စွမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း ဆက်စပ်တွေ့ရှိနိုင်ပါသည်။**

**ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရာတွင် တစ်မျိုးသားလုံး ပညာရည် အဆင့်အတန်းမြင့်မားပြီး ထူးချွန်ထက်မြက်သည့် ပညာတတ်လူ့အရင်းအမြစ်များ ပြည့်စုံလုံလောက်စွာရှိနေမှ အောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ အောင်မြင်ဖြစ်ထွန်းလာမှုများကိုလည်း ရေရှည်အကျိုးသက်ရောက်မှု ရှိရှိဖြင့် တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်ပါသည်။**

သီဟအောင်၏ အောက်ကျမခံ နောက်ကျမကျန်ဘဲ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လျှောက်လှမ်းကြပါစို့
ဆောင်းပါး (စာ–၉)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး